# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ ၂၀၁၀ ခုနှစ်၊ မတ် ၆ ရက်၊ စနေနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၅၇)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂါနာသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၆

၂၀၁၀ခုနှစ် မတ် ၆ရက်တွင် ကျရောက်သော ဂါနာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဂါနာသမ္မတနိုင်ငံ သမ္မတ ဂျွန် အီဗန်စ် အက်တာမေးလ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)



အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၀) ညှိနှိုင်းအစည်းအဝေးတွင် မှာကြားလမ်းညွှန်စဉ်။ (သတင်းစဉ်)

## အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့သည် စီမံကိန်းကြီးများကို စိစစ်ခွင့်ပြုပေးလျက်ရှိ လုပ်ငန်းများအောင်မြင်ရေးအတွက် အဆင့်ဆင့်ကြီးကြပ်မှုနှင့် လမ်းညွှန်မှု အားကောင်းရန်လိုအပ်

## တိုင်းပြည် စဉ်ဆက်မပြတ် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းကြီးများ ပူးပေါင်းဖော်ဆောင် မိမိတို့လက်ထက် ပြီးစီးရမည့်လုပ်ငန်းများ အချိန်မီပြီးစီးအောင် စနစ်တကျ တာဝန်ကျေကျေလုပ်ကိုင်

## လုပ်ငန်းပမာဏရော ရင်းနှီးမြှုပ်နှံမှုပါ ကြီးမားသည့် စီမံကိန်းကြီးများ တိုင်းပြည်ကို ထိရောက်စွာအကျိုးဖြစ်ထွန်း

နေပြည်တော် မတ် ၅

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၀) ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁နာရီ မိနစ် ၅၀တွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ လိုအပ်သည်များကို မှာကြားလမ်းညွှန်သည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❐


### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


**တည်ဆောက်ရေးလုပ်ငန်းတစ်ခုကို ဆောင်ရွက်ရာ၌ ယင်းလုပ်ငန်းတစ်ခုတည်းကိုသာ ကွက်၍ တည်ဆောက်နေ၍မဖြစ်ဘဲ ယင်းလုပ်ငန်းနှင့် ဆက်နွယ်လျက်ရှိသော အခြားလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း တည်ဆောက်ရ၊ စီးပွားရေး တည်ဆောက်လျှင် လမ်းပန်းဆက်သွယ်ရေးကို တည်ဆောက်ရသကဲ့သို့ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးကိုလည်း တည်ဆောက်ပေးရ၊ ထို့အတူ အခြားဆက်စပ်လျက်ရှိသော ကဏ္ဍများ ဖွံ့ဖြိုးလာရေးကို ဖော်ဆောင်ရကြောင်း၊ ထို့အပြင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကိုလည်း ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်အောင် တည်ဆောက်ရ၊ ထို့ကြောင့် တိုင်းပြည်တည်ဆောက်ရေးသည် ဘက်စုံတည်ဆောက်ရေးဖြစ်။**

# အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၆ ရက်)

## စက်မှုပြပွဲမှသည် စက်မှုနိုင်ငံဆီသို့ ဦးတည်ကြိုးပမ်း

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှ ခေတ်မီနိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ရာ နိုင်ငံတော်အစိုးရသည် စက်မှုကဏ္ဍကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိသည်။

စက်မှုကဏ္ဍအနေဖြင့် နိုင်ငံတကာတွင် တိုးတက်ဖြစ်ထွန်းနေသည့် ခေတ်မီကုန်ထုတ်နည်းစနစ်များနှင့်အညီ ကုန်ထုတ်ပစ္စည်းကိရိယာများကို နိုင်ငံတကာအဆင့်မီ ထုတ်လုပ်လျက်ရှိသည်။ စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် ပြည်ပသွင်းကုန် အစားထိုး ကုန်ထုတ်လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာစေရန် ကြိုးပမ်းလျက်ရှိသည်။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို စက်မှုထုတ်ကုန်များ ထုတ်လုပ်နိုင်မှုကဖော်ပြလျက်ရှိရာ မြန်မာနိုင်ငံ၏ စက်မှုဖွံ့ဖြိုးမှုကို ထင်ဟပ်စေမည့် မြန်မာစက်မှုပြပွဲကို မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းက ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ မတ်လ ၅ ရက်နေ့မှ ၇ရက်နေ့အထိ ခင်းကျင်း ပြသလျက်ရှိသည်။

ယင်းသို့ ပြသရာတွင် မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် စက်မှုထုတ်ကုန်များကို တစ်နေရာတည်း စုစည်းပြီး နိုင်ငံတကာအဆင့်မီ ပြသနိုင်ရန်၊ လာရောက်ကြည့်ရှုသည့် ပြည်သူများ ပြည်တွင်းဖြစ် စက်မှုထုတ်ကုန်များ၏ အရည်အသွေးကို ပိုမိုထိတွေ့သိရှိရ၍ လုပ်ငန်းရှင်များအချင်းချင်း စီးပွားရေးဆက်သွယ်မှု ရရှိနိုင်စေရန်နှင့် ဈေးကွက်ချဲ့ထွင်နိုင်စေရန်၊ စက်မှုဆိုင်ရာနည်းပညာနှင့် ခေတ်မီစက်ကိရိယာများ၏ နည်းပညာအဆင့်အတန်းကို လေ့လာခြင်းဖြင့် ထုတ်လုပ်သည့် ကုန်ပစ္စည်းများနှင့် စံချိန်စံနှုန်းများမြင့်မားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ခင်းကျင်းပြသခြင်းဖြစ်သည်။

နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ပြည်တွင်းလုပ်စက်မှုပစ္စည်းများ တစ်နေ့တခြား နေရာယူလာခဲ့ပြီဖြစ်ရာ စက်မှုဇုန်များက နိုင်ငံတော်အတွက် စက်ပစ္စည်းကိရိယာများကို အရည်အသွေးမီမီ ထုတ်လုပ်နိုင်သည်နှင့်အမျှ မြန်မာ့စက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။

နိုင်ငံတော်၏အကျိုးကို ခေတ်မီစက်မှုနည်းပညာများဖြင့် သယ်ပိုးနိုင်ရေးအတွက် စက်မှုကဏ္ဍထွန်းကားရေး ကြိုးပမ်းရာတွင် စက်မှုအတတ်ပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိသည်။ ယခုကဲ့သို့ မြန်မာစက်မှုပြပွဲ ခင်းကျင်းပြသခြင်းသည် မြန်မာနိုင်ငံအတွင်းရှိ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်း ပြည်ပဈေးကွက်များ တိုးချဲ့နိုင်ရေးအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပေရာ စက်မှုထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ပြီး စက်မှုနိုင်ငံတော်ကြီးပေါ်ထွန်းလာစေရန် ဝိုင်းဝန်းကြိုးပမ်း စွမ်းဆောင်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြဝတီရုပ်မြင်သံကြား

၆-၃-၂၀၁၀ (စနေနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၅ ၇။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၂၉)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **အဆုံးသတ်** နေတိုး၊ ဆန်းထွန်း၊ မိုးဟေကို (ဒါရိုက်တာ-မျိုးထူး)
၁၃:၃၀ ၆။ ကျန်းမာသုတ
၁၄:၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ ချစ်ရိပ်** (အပိုင်း-၁၄)

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄:၂၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၀ ၅။ မျိုးချစ်တပ်မတော်
၄:၄၅ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၁။ လျှပ်တစ်ပြက်
၆:၃၀ ၁၂။ **စားဖို့ဆောင်ချစ်သူ**
၆:၄၅ ၁၃။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ** (အပိုင်း-၂၇)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ အင်္ဂလိပ်စာသုတ
၂၀။ လူရွှင်တော်စတား
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘည်းတင်မယ့် ချင်သူရဲကောင်း** (အပိုင်း-၂)
၂၃။ **နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၇)

## တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

**ရန်ကုန် မတ် ၅**

*တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)၏ (၄၈)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ (၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်သူများ ဂုဏ်ထူးအလိုက် ပညာရည်ချွန်ဆုပေးပွဲတို့ကို မတ် ၂၁ရက် (တနင်္ဂနွေနေ့) နံနက်စနာရီတွင် ဗဟန်း(၃)လမ်းရှိ တန့်ဆည်မြို့နယ်အသင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ၊ နယ်သူ နယ်သားများ တက်ရောက်ကြရန်နှင့် အသက်(၇၅)နှစ် သက်ကြီးပုဂ္ဂိုလ်များ၊ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ အသင်းဝင်သားသမီးများ၏ အမှတ်စာရင်းမိတ္တူနှင့် ပညာရပ်ဆိုင်ရာ ပါရဂူဘွဲ့ လက်မှတ်မိတ္တူတို့ကို မတ် ၁၈ရက် ထက်နောက်မကျစေဘဲ ပေးပို့ကြရန်နှင့် အပူဇော်ခံပုဂ္ဂိုလ်များနှင့် ဆုလက်ခံမည့် ကျောင်းသား ကျောင်းသူများသည် ကိုယ်တိုင်တက်ရောက်ကြရန်နှင့် ဒုတိယ ဥက္ကဋ္ဌ ဦးချစ်မွေး ဖုန်း-၆၄၀၂၂၃နှင့် အတွင်းရေးမှူး ဦးမြင့်အောင် ဖုန်း-၀၉-၅၀-၀၉၅၉၂၊ ၀၉-၅၀-၁၈၁၁၇ တို့သို့ စုံစမ်းနိုင်ကြောင်း သိရသည်။* **(မြန်မာ့အလင်း)**



## မြရော ဈေးသဘော် ရန်ကုန်သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် မတ် ၅**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်စည်ပို့ဆောင်ရေးဌာနခွဲ ရန်ကုန်-မန္တလေး မြရော ဈေးသဘော်နှင့် ဈေးတွဲနှစ်တွဲတို့သည် စဉ့်ထည်ပစ္စည်း၊ ပရိဘောဂ၊ မီးဖို၊ ပဲဖတ်၊ ကျောက်ထွက်ပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အထွေထွေ လူသုံးကုန် ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ စုစုပေါင်း ၅၈၀ ဒသမ ၄၇၀တန်နှင့် ခရီးသည် ၇၅ဦး တင်ဆောင်ပြီး မတ် ၃ရက် ညနေ ၆နာရီက ရန်ကုန်မြို့ ဗိုလ်တထောင် အမှတ်(၃) ဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိလာသည်။

**ရောက်ရှိ**

အဆိုပါ ရန်ကုန်-မန္တလေး မြရော ဈေးသဘော်နှင့် ဈေးတွဲနှစ်တွဲတို့သည် ကုန်တန်ချိန် ၁၁၂၄ ဒသမ ၆၃၇တန်နှင့် ခရီးသည် ၈၃ဦး တင်ဆောင်ပြီး ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၈ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာခဲ့ရာ မန္တလေးမြို့သို့ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၄ရက် ညနေ ၄နာရီတွင် ရောက်ရှိသည်။

**ထွက်ခွာ**

ယင်းနောက် ဈေးသဘော်နှင့် ဈေးတွဲနှစ်တွဲပေါ်သို့ ကုန် ၁၀၀၃ ဒသမ ၆၄၃ တန်နှင့် ခရီးသည် ၁၂၉ဦး တင်ဆောင်ခဲ့ပြီး ဖေဖော်ဝါရီ ၁၁ရက် နံနက် ၁၀နာရီခွဲက မန္တလေးမြို့မှ ပြန်လည်ထွက်ခွာခဲ့သည်။

ရန်ကုန်-မန္တလေး မြရော ဈေးသဘော်ကြီးကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာများမှ မိမိတို့ဒေသ၌ပင် လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် ရည်ရွယ်ပြေးဆွဲခြင်းဖြစ်ရာ ခရီးစဉ် တစ်လျှောက်ရှိ မြို့၊ ရွာများ၌ ညအိပ်ရပ်နားကာ ဈေးရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဒါသင့်နိုင်ငံ မီးဘေးရန် အမှန်ကင်းပါစေ**

## လှိုင်မြို့နယ် သားရေပစ္စည်းစက်ရုံ၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောသရုပ်ပြ

**ရန်ကုန် မတ် ၅**

ရန်ကုန်တိုင်းအတွင်း မီးလောင်မှုများ လျော့နည်းပပျောက်စေရေးနှင့် စက်ရုံ၊ အလုပ်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာန၏ စီစဉ်မှု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုတို့ဖြင့် အမှတ် (၁) စက်မှုဝန်ကြီးဌာန သားရေပစ္စည်းစက်ရုံ (လှိုင်)မှ ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၄ရက် နံနက်က အဆိုပါစက်ရုံဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စက်ရုံမှူးဦးခင်မောင်က အဖွင့်အမှာစကားပြောကြားပြီး လှိုင်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်နိုင်က မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောကာ ဝန်ထမ်းများဖြင့် သရုပ်ပြလေ့ကျင့်မှုများဆောင်ရွက်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့ငြိမ်းသတ်သရုပ်ပြသခြင်းများ ဆောင်ရွက်ကြသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

## 2010 DAVIS CUP, Jordan ပြိုင်ပွဲအတွက် လူရွေးချယ်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၅**

၂၀၁၀ခုနှစ် ဧပြီ ၁၉ရက်မှ ၂၆ရက်အထိ ဂျော်ဒန်နိုင်ငံ Ammanမြို့၌ကျင်းပမည့် ၂၀၁၀ခုနှစ် DAVIS CUP BY BNP PARIBAS ASIA/ OCEANIA ZONE GROUP (IV) တင်းနစ်ပြိုင်ပွဲအတွက် လူရွေးချယ်ပြိုင်ပွဲကို မတ် ၁၂ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ တင်းနစ်လူရွေးချယ်ပြိုင်ပွဲတွင် လက်ရွေးစင်အဆင့်ရှိသော တင်းနစ်အားကစားသမားများသည် မတ် ၁၁ရက် ညနေ ၃နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် (ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း)သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

ယင်းလူရွေးချယ်ပြိုင်ပွဲမှ ပဏာမလက်ရွေးစင် လေးဦးကိုရွေးချယ်ပြီး မတ် ၁၅ရက်မှ ဧပြီ ၁၅ရက်အထိ စခန်းသွင်းလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မရမ်းကုန်းမြို့နယ် ၇မိုင်ခွဲ တေးနှယဉ်လမ်း အမှတ် ၄၅ (A-2)နေ နှစ်ဖက်သော ကျေးဇူးရှင်မိဘများနှင့် ကျေးဇူးရှင်ခင်ပွန်း ဦးညွန့်ရီတို့အား ရည်စူး၍ ဇနီး ဒေါ်တင်တင်လှ၊ သား ဒေါက်တာ ဦးကျော်ဟိန်း၊ သမီးကြီး ဒေါက်တာ ခင်စန္ဒာရီ၊ သား ဦးစည်သူအောင်၊ သမီးငယ် ဒေါက်တာ ခင်သီတာရီ၊ မြေးမောင်သုတဟိန်းမိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့် အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့က လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

# ဒုတိယဗိုလ်ချုပ်ကြီးသာအေး မုံရွာခရိုင် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြည့်ရှုစစ်ဆေး

## မျက်စိ၊ သွားနှင့် အထွေထွေရောဂါ ဝေဒနာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်

## ကျေးရွာပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေး

### သံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မုံရွာစက်မှုဇုန်ရှိ သီဟထွန်းကုမ္ပဏီလီမိတက်၏ သံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



နေပြည်တော် မတ် ၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မတ် ၂ရက် နံနက်ပိုင်းက မုံရွာတပ်နယ်ခန်းမ၌ မုံရွာတပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်း မုံရွာမြို့၌ ကျင်းပသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန မောင်မြန်မာစက်ဘီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့နှင့်အတူ အိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး စစ်မှုထမ်းဟောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် တိုင်းမှူး၊ ဝန်ကြီးနှင့် ဌာန

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ကနီမြို့နယ် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများ၊ ပတ်ဝန်းကျင်မြို့နယ်များနှင့် ကျေးရွာအုပ်စုများမှ အခမဲ့စမ်းသပ် ခွဲစိတ်ကုသမှုခံယူကြမည့် မျက်စိဝေဒနာရှင်များ၊ သွားနှင့် အထွေထွေရောဂါ ဝေဒနာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးကြစဉ်။ (သတင်းစဉ်)



အခမ်းအနားသို့ တက်ရောက်၍ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အမျိုးသားပြိုင်ပွဲဝင်များအား လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် တာဝန်ရှိသူတို့က ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

**ဖြည့်စွက်ရှင်းလင်း**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မုံရွာစက်မှုဇုန်ရှိ သီဟထွန်းကုမ္ပဏီလီမိတက်၏ သံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်မှုဇုန်ခန်းမ၌ မုံရွာစက်မှုဇုန် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ စက်မှုဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက မုံရွာစက်မှုဇုန်၏ ကုန်ထုတ်လုပ်မှုအခြေအနေများနှင့် ဆက်လက် ထုတ်လုပ်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြ၍ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မုံရွာမြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် ချင်းတွင်းတံတား (မုံရွာ)ကြံ့ခိုင်မှုအခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး အနောက်မြောက်တိုင်း စစ်ဌာနချုပ် စစ်မှုထမ်းဟောင်း အိမ်ရာစီမံကိန်းနှင့် ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ခံအရာရှိက အိမ်ရာဆောက်လုပ်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြ၍ တိုင်းမှူးက ဖြည့်စွက် ရှင်းလင်းတင်ပြကာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တိုင်းမှူးနှင့် ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မုံရွာ-ယာကြီး-ကလေးဝလမ်းပိုင်း အခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး မုံရွာ-ယာကြီး-ကလေးဝလမ်းပိုင်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားကာ မိုင်တိုင်အမှတ်(၉/၂)၌ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ခွဲစိတ်ကုသမှု**

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးသာအေးသည် တိုင်းမှူး၊ ဝန်ကြီးတို့နှင့်အတူ ကနီမြို့သို့ရောက်ရှိ၍ ကနီမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများ၊ ပတ်ဝန်းကျင်မြို့နယ်များနှင့် ကျေးရွာအုပ်စုများမှ မျက်စိဝေဒနာရှင်များ၊ သွားနှင့် အထွေထွေရောဂါဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

**ဖြည့်ဆည်းပေး**

ရှေးဦးစွာ ဒုတိယ ဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကနီမြို့ သာသနာ့ဗိမာန်၌ စမ်းသပ်ခွဲစိတ်ကုသရန် ရောက်ရှိနေကြသည့် မျက်စိဝေဒနာရှင်များ၊ သွားနှင့် အထွေထွေရောဂါဝေဒနာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ကျေးရွာပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**တပ်ဆင်ပေး**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကနီမြို့ အမှတ်(၂)ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၌ မျက်စိအထူးကုဆရာဝန်ကြီးများက လူနာများအား မျက်စိစမ်းသပ်ပေးနေမှုနှင့် သွားအထူးကုဆရာဝန်ကြီးများက သွားဝေဒနာရှင်များအား ကုသပေးနေမှုတို့ကို ကြည့်ရှုအားပေးကြပြီး မျက်စိခွဲစိတ်ကုသပြီးသည့် လူနာများအား မျက်မှန်များကို တပ်ဆင်ပေးကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကနီပြည်သူ့ဆေးရုံခွဲစိတ်ခန်း၌ မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား မျက်စိခွဲစိတ်ပေးနေမှုနှင့် အထွေထွေရောဂါကုဆရာဝန်ကြီးများက ခွဲစိတ်ကုသရန်ရှိသည့် လူနာများအား အထွေထွေခွဲစိတ်ကုသပေးနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

**ပြန်လည်ပေးအပ်**

ထို့နောက် မျက်စိဝေဒနာရှင်များ၊ သွားနှင့် အထွေထွေရောဂါဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသရန်အတွက် အလှူငွေများပေးအပ်ပွဲကို ကနီမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ တိုင်းမှူး၊ ဝန်ကြီးနှင့် အလှူရှင်တို့က အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူးတို့က လက်ခံကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

**ပေးအပ်**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက အခမဲ့စမ်းသပ် ခွဲစိတ်ကုသပေးကြသည့် ဆရာဝန်ကြီးများအတွက် ဂုဏ်ပြုငွေများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူးတို့သည် ဘုတလင်မြို့နယ် ချောင်းဝကြီးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာ အေးရိပ်ဝေ သုတပဒေသာ စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များနှင့် ဂျာနယ်များကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၆-၃-၂၀၁၀ (စနေနေ့)**

**နံနက်ပိုင်း**

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အင်္ဂလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **စိန်စီထားသော စကားလုံးများ** တရားတော် (ဆရာတော် အရှင်လာဘ)
၆:၅၀ ဆုတောင်းပြည့်အဓိဋ္ဌာန်အောင် မဟာရွှေသိမ်တော်
၇:၀၀ MRTV-4 သတင်း
၇:၄၅ ပန်းချီပြခန်း (D-Max Art Gallery)
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၁)
၈:၃၀ Sports World (World Sports)
၈:၅၅ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ တက္ကသိုလ် သတင်းစာရှင်းလင်းပွဲ
၉:၁၀ Activities in the City (ယခင် အလက-၃၊ သာကေတ အာစရိယပူဇော်ပွဲ)
၉:၃၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၂၀ ဓမ္မဒူတတောရ သာသနာ့ရိပ်သာ ဆရာတော်၏ ဝိဇာတမွေးနေ့မင်္ဂလာ
၁၀:၄၀ သွားမယ်၊ စားမယ် (Royal Thazin Restaurant)
၁၁:၁၀ **ငွေအစိတ်နှင့် အဆိပ်ငွေ** နေဆန်း၊ မျိုးစန္ဒီကျော်နှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-ရွှေအေးကို)
၁၁:၂၅ စိုက်ပျိုးအောင်မြင် စပ်ခရမ်းချဉ်
၁၁:၄၀ Shooting Making **(နေဝင်လထွက် ဇာတ်ကားရိုက်ကွင်း)**
၁၂:၀၅ အဝလွန်ရောဂါဆိုင်ရာ အချက်အလက်များနှင့် သကြားအစားထိုး Sucralose (ပါမောက္ခ ဒေါက်တာချစ်စိုး၊ ဒေါက်တာဝင်းထွန်း)
၁၂:၃၀ အနာဂတ်ရဲ့အလင်းရောင်
၁:၀၀ **စိန်စီထားသော စကားလုံးများ** တရားတော် (ဆရာတော် အရှင်လာဘ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival (Romantic ကမ်းခြေ)
၃:၁၅ **ငွေအစိတ်နှင့် အဆိပ်ငွေ** နေဆန်း၊မျိုးစန္ဒီကျော်နှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-ရွှေအေးကို)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၁)
၄:၁၀ ဓမ္မဒူတတောရသာသနာ့ရိပ်သာ ဆရာတော်၏ ဝိဇာတမွေးနေ့မင်္ဂလာ
၄:၃၀ လင်းလက်တောက်ပမီးဆိုင်းအလှ
၄:၅၀ Activities in the City (ယခင် အလက-၃၊ သာကေတ အာစရိယပူဇော်ပွဲ)
၅:၁၀ အပြည်ပြည်ဆိုင်ရာအဘိဓမ္မာ တက္ကသိုလ် သတင်းစာရှင်းလင်းပွဲ
၅:၃၀ MRTV -4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV -4 သတင်း
၆:၂၀ သွားမယ်၊ စားမယ် (Royal Thazin Restaurant)
၆:၄၅ FA Cup Preview
၇:၀၅ Fashion Music Festival (Romantic ကမ်းခြေ)
၇:၃၅ Fun4 Kids Festival ကလေးများအတွက်ပျော်ပွဲရွှင်ပွဲ အစီအစဉ်စာနယ်ဇင်းအကြိုရှင်းလင်းပွဲ
၇:၄၅ ပန်းချီပြခန်း (D-Max Art Gallery)
၈:၀၀ MRTV-4 သတင်း
၈:၃၀ သံစဉ်စာသားဖန်တီးသူများ (တေးရေးစိုးလင်းနှင့် တွေ့ဆုံခြင်း)
၈:၅၅ Shooting Making **(နေဝင်လထွက် ဇာတ်ကားရိုက်ကွင်း)**
၉:၁၀ လင်းလက်တောက်ပမီးဆိုင်းအလှ
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၁)
၁၀:၀၀ Fun4 Kids Festival ကလေးများအတွက်ပျော်ပွဲရွှင်ပွဲ အစီအစဉ်စာနယ်ဇင်းအကြို ရှင်းလင်းပွဲ
၁၀:၁၀ အနာဂတ်ရဲ့အလင်းရောင်
၁၀:၃၅ စိုက်ပျိုးအောင်မြင် စပ်ခရမ်းချဉ်
၁၀:၄၅ သံစဉ်စာသားဖန်တီးသူများ (တေးရေး စိုးလင်းနှင့် တွေ့ဆုံခြင်း)
၁၁:၀၅ ရမ္မာဝတီသို့…ရွက်လွှင့်ခြင်း
၁၁:၂၀ FA Cup Fulham Vs Tottenham

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**Barclays Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | | ပြသမည့်လိုင်း |
|---|---|---|---|
| ၇:၁၀ | Man City | - Tottenham | ESPN(Live) |
| ၉:၂၅ | Arsenal | - Bumley | ESPN(Live) |
| | Aston Villa | - Sunderland | STAR SPORTS(Live) |
| ၁၁:၅၅ | Wolverhampton | - Man Utd | ESPN(Live) |

**FA Cup ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | | ပြသမည့်လိုင်း |
|---|---|---|---|
| ၆:၅၅ | Portsmouth | - Birmingham | STAR SPORTS (Live) |
| ၁၁:၂၀ | Fulham | - Tottenham | STAR SPORTS (Live) |

## မြဝတီမြို့ ဘုရင့်နောင်ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

*မြဝတီ မတ် ၅*

*ကရင်ပြည်နယ် မြဝတီမြို့နယ် စည်ပင်သာယာအဖွဲ့ပိုင် ဘုရင့်နောင်ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို မတ် ၂ရက်တွင် မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ကား တစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင်နှင့် အရန်မီးသတ် တပ်ဖွဲ့ဝင် ၃၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေကားနှစ်စီး၊ ရေစုပ်စက် နှစ်လုံးနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ ပုဂ္ဂလိက ရေကားခြောက်စီးတို့ဖြင့် ပြုလုပ်ရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ခင်မောင်ဌေး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ (သတင်းစဉ်)*

# ချီလီနိုင်ငံ၌လှုပ်ခဲ့သော မြေငလျင်ကြောင့် ကမ္ဘာ့တစ်ရက်တာအချိန် တိုတောင်းသွားနိုင်ဟုတွက်ဆ

လော့စ်အိန်ဂျလိစ် မတ် ၅

**ချီလီနိုင်ငံ၌ ဖေဖော်ဝါရီ ၂၇ရက်က လှုပ်ခဲ့သည့် ရစ်ချ်တာစကေး ၈ဒသမ ၈အဆင့်ရှိ မြေငလျင်ကြောင့် ကမ္ဘာ့တစ်ရက်တာအချိန် ၁ဒသမ ၂၆မီလီစက္ကန့်အထိ ပိုမို၍တိုတောင်းသွားမည်ဟု အမေရိကန်နိုင်ငံ နာဆာအဖွဲ့ သိပ္ပံပညာရှင်များက တွက်ဆပြောကြားသည်။**

ကမ္ဘာ့မြောက်ဝင်ရိုးစွန်းနှင့် တောင်ဝင်ရိုးစွန်းတို့ ဆက်သွယ်သည့် စိတ်မှန်းဝင်ရိုးမှာ ချီလီမြေငလျင်ကြောင့် သုံးလက်မခန့် ရွေ့သွားကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိသည်ဟုဆိုသည်။ ယခင်ကလည်း အင်အားကြီးမားသော မြေငလျင်လှုပ်မှုများကြောင့် ကမ္ဘာကြီး၏ တစ်ရက်တာအချိန် ပိုမိုတိုတောင်းသွားသည်ကို တွေ့ခဲ့ရသည်။ ၂၀၀၄ခုနှစ် ဆူမားတြား မြေငလျင်မှာ အင်အားရစ်ချ်တာစကေး ၉ဒသမ ၁အဆင့်ရှိခဲ့ပြီး ကမ္ဘာ့စိတ်မှန်းဝင်ရိုးမှာ ၂ဒသမ ၇၆ လက်မ ရွေ့သွားခဲ့သည်။ ကမ္ဘာကြီး၏ တစ်ရက်တာအချိန်မှာ ၂၄ နာရီခန့်ရှည်ကြာသည်။ တစ်နှစ်တွင် ကမ္ဘာကြီး၏ တစ်ရက်တာအချိန်မှာ တစ်မီလီစက္ကန့် အချိန်ဖြင့် တဖြည်းဖြည်းချင်း အတိုး၊ အဆုတ်များ ရှိသည်။

**ပိုမိုလျော့နည်း**

ဆောင်းရာသီတွင် ကမ္ဘာကြီးသည် ပိုမိုနှေးကွေးစွာလည်ပတ်သဖြင့် တစ်ရက်တာအချိန်ကာလသည် ပိုမိုရှည်ကြာပြီး နွေရာသီ၌ တစ်ရက်တာအချိန်မှာ ပိုမိုတိုတောင်းသည်ဟု ဆိုသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## လျှပ်စစ်မော်တော်ကား

**ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပသည့် အကြိမ်(၈၀)မြောက် ကားပြပွဲ၌ ပြသထားသည့် လျှပ်စစ်မော်တော်ကားကို မတ် ၄ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)



## ဘင်္ဂလားဒေ့ရှ်၌ ငါးဖမ်းစက်လှေနှစ်မြှုပ် နှစ်ဦးသေဆုံး၊ ငါးဦးပျောက်နေ

ဒါကာ မတ် ၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ အနောက်တောင်ဘက် ကီလိုမီတာ ၁၈၀ အကွာ ကူလ်နာဒေသရှိ ဒါကီမြစ်အတွင်း၌ မတ် ၃ရက်က ငါးဖမ်းစက်လှေတစ်စင်း နစ်မြုပ်ရာ နှစ်ဦးသေဆုံးပြီး ငါးဦးပျောက်ဆုံးနေကြောင်း ပုဂ္ဂလိကသတင်းဌာန (ယူအင်န်ဘီ)က သတင်းထုတ်ပြန်သည်။

**နစ်မြုပ်**

ယင်းနေ့ ညဥ့်သန်းခေါင်ယံအချိန်၌ ငါးဖမ်းစက်လှေနှစ်စင်းမျက်နှာချင်းဆိုင် တိုက်မိရာမှ အဆိုပါဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၄င်းလှေပေါ်၌ လူ ၅၀ လိုက်ပါလာသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

**ရှာဖွေ**

အခင်းဖြစ်မြစ်တွင်း၌ ကယ်ဆယ်ရေးဝန်ထမ်းများက ပျောက်ဆုံးနေသူများကို ရှာဖွေလျက်ရှိကြောင်း ဆက်လက် ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## ဒုံးကျည်စမ်းသပ်ပစ်ခတ်

**ကမ္ဘောဒီးယားနိုင်ငံ ကွန်ပေါင်ချနန်ပြည်နယ်၌ ရုရှားနိုင်ငံထုတ် ဘီအမ်-၂၁ ဒုံးကျည်စမ်းသပ်ပစ်ခတ်နေသည်ကို မတ် ၄ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)



## ကမ္ဘောဒီးယား၏ဘီအမ်ဒုံးကျည် အောင်မြင်စွာစမ်းသပ်

ဖနောင်ပင် မတ် ၅

ကမ္ဘောဒီးယားနိုင်ငံတွင် ဘီအမ်-၂၁ဒုံးကျည် ပထမဆုံးစမ်းသပ်ပစ်ခတ်မှု အောင်မြင်ကြောင်း မတ် ၃ရက်က ကြေညာသည်။

**စမ်းသပ်**

ဒုံးကျည်အောင်မြင်စွာ စမ်းသပ်ပစ်ခတ်နိုင်မှုသည် ကမ္ဘောဒီးယားနိုင်ငံ၏ တည်တံ့မှုနှင့် အချုပ်အခြာအာဏာကို အပြည့်အဝကာကွယ်နိုင်စွမ်းရှိသည်ကို ထုတ်ဖော်ပြသခြင်းပင်ဖြစ်ကြောင်း ဖနောင်ပင်မြောက်ဘက် ကီလိုမီတာ ၁၀၀ခန့်အကွာရှိ ကွန်ပေါင်ချနန်ပြည်နယ်တွင် စမ်းသပ်မှုပြုလုပ်ရာ၌ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး တီဘန်က ပြောကြားသည်။

**ပြောကြား**

ဒုံးကျည် ၂၁၅စင်းကို ပစ်မှတ်ထိအောင် စမ်းသပ်ပစ်ခတ်ခဲ့ပြီး ၂၀ကီလိုမီတာမှ ၄၀ကီလိုမီတာအထိ စီစဉ်ထားသည့်အတိုင်း ပစ်ခတ်နိုင်ခဲ့သည်ဟု တီဘန်က ဆက်လက်ပြောကြားသည်။

ယင်းသို့စမ်းသပ်ပစ်ခတ်မှုသည် မည်သည့်နိုင်ငံနှင့်မျှ စစ်တိုက်ခိုက်ရန် ပြင်ဆင်နေခြင်းမဟုတ်ကြောင်း၊ သို့ရာတွင် ကမ္ဘောဒီးယားအနေဖြင့် ပြည်ပကျူးကျော်မှုနှင့် ရင်ဆိုင်လာရပါက အဆင်သင့်ဖြစ်စေရန် ပြင်ဆင်ထားမှုသာ ဖြစ်ကြောင်း တီဘန်က ထပ်လောင်းပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## ပျက်စီး

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် အဆောက်အအုံကို မတ် ၄ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

## ၂၀၁၀ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တောင်အာဖရိကနိုင်ငံ ပြင်ဆင်လျက်ရှိ

ဂျိုဟန်နစ္စဘတ် မတ် ၅

တောင်အာဖရိကနိုင်ငံသည် ၂၀၁၀ခုနှစ်တွင်ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် လေဆိပ်၁၀ခုကို အဆင့်မြှင့်တင်ရာတွင် အမေရိကန် ဒေါ်လာ ၂ ဒသမ ၂၇ ဘီလီယံအသုံးပြုထားကြောင်း၊ ထို့အပြင် အဆိုပါကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကာလတွင် လေယာဉ်ခရီးစဉ်အရေအတွက်ကိုလည်း နှစ်ဆနီးပါးတိုးပေးထားကြောင်း တောင်အာဖရိက လေဆိပ်များကုမ္ပဏီ (အေစီအက်စ်အေ)က မတ် ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

**တိုးချဲ့ပျံသန်း**

ယင်းကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဇွန် ၁၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ရက် ၁၀၀ သာလိုတော့ကြောင်း သိရသည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကျင်းပနေစဉ်ကာလတွင် လေယာဉ်ခရီးစဉ် ၁၂၀၀၀ တိုးချဲ့ပျံသန်းရန်စီစဉ်ထားကြောင်း၊ လိုအပ်လျှင် လိုအပ်သလို လေယာဉ်လက်မှတ်များ စီစဉ်ထားမည်ဖြစ်ကြောင်း တောင်အာဖရိကလေဆိပ်များကုမ္ပဏီ၏ အုပ်စုမန်နေဂျာက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

## ပြန်လည်ထူထောင်ရေး အာဖဂန်နှင့်တောင်ကိုရီးယား ပူးပေါင်းဆောင်ရွက်မည်

*ဆိုးလ် မတ် ၅*

*အာဖဂန်နစ္စတန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ကာဘီရာဖရာဟီသည် ဆိုးလ်မြို့သို့ရောက်ရှိပြီး ၁၀ရက်ကြာနေထိုင်စဉ် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး၊ ဒုတိယနိုင်ငံခြားရေးဝန်ကြီးတို့နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း မတ် ၄ရက်တွင် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးရုံးက သတင်းထုတ်ပြန်သည်။*

*ထိုသို့တွေ့ဆုံရာတွင် အာဖဂန်နစ္စတန်နိုင်ငံ အခြေစိုက်စခန်းရှိ တောင်ကိုရီးယား (ပီအာရ်တီ)ဝင် ပြန်လည်ထူထောင်ရေးတပ်ဖွဲ့ ၃၅၀ အနေဖြင့် အရပ်သားအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရေးကိစ္စကို ထည့်သွင်းဆွေးနွေးမည်ဟု တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ယူမြောင်ဝန်က ပြောကြားသည်။*

*အာဖဂန်၌ ပြည်တွင်းရေးမငြိမ်သက်မှုများဖြစ်ပွားသည့် ရှစ်နှစ်တာကာလအတွင်း အာဖဂန်တာဝန်ရှိသူတစ်ဦး ပထမဆုံးအကြိမ် ဆိုးလ်မြို့သို့ ရောက်ရှိခြင်းဖြစ်ပြီး နှစ်နိုင်ငံ အကျိုးတူကိစ္စများနှင့် ပြန်လည်ထူထောင်ရေးစီမံကိန်းများ၌ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ထည့်သွင်းဆွေးနွေးကြမည်ဟုဆိုသည်။* ***အမ်အင်န်အေ၊ ဆင်ဟွာ***



## ဖောက်ကလင်ကျွန်း ပိုင်ဆိုင်မှုပြဿနာ အမေရိကန်ဖြေရှင်းမည့်အရေး ဗြိတိန်လက်မခံ

လန်ဒန် မတ် ၅

ဗြိတိန်နှင့်အာဂျင်တီးနားနိုင်ငံအကြား ဖြစ်ပွားနေသော (အာဂျင်တီးနားတို့က မာလ်ဗီနာ ခေါ်သည့်) ဖောက်ကလင်ကျွန်းစုပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အငြင်းပွားနေမှုကို ကူညီဖြေရှင်းပေးရန် အမေရိကန်၏ အဆိုပြုချက်ကို ဗြိတိန်နိုင်ငံက လက်မခံဘဲ ပယ်ချလိုက်ကြောင်း အာဂျင်တီးနားမီဒီယာက မတ် ၂ရက်တွင် ဖော်ပြသည်။

ဖောက်ကလင်ကျွန်းစုအချုပ်အခြာအာဏာကို ဗြိတိန်နှင့် အာဂျင်တီးနားတို့ သူပိုင်ကိုယ်ပိုင် အငြင်းပွားနေသည့်ပြဿနာကို နှစ်နိုင်ငံစေ့စပ်ညှိနှိုင်း ဆွေးနွေးအဖြေရှာရာတွင် ကူညီပေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်က အာဂျင်တီးနားသို့ သွားရောက်လည်ပတ်စဉ် ကမ်းလှမ်းခဲ့သည်။ ယင်းကိစ္စတွင် မိမိတို့ ကူညီဆောင်ရွက်ပေးနိုင်မည်ဆိုပါက ကူညီရန်အသင့်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အာဂျင်တီးနားနိုင်ငံသည် ဖောက်ကလင်ကမ်းလွန်တွင် မကြာသေးမီက ဗြိတိသျှရေနံကုမ္ပဏီတစ်ခု ရေနံရှာဖွေနေခြင်းနှင့်ပတ်သက်၍ လက်မခံဘဲ ကန့်ကွက်ခဲ့သည်။

အာဂျင်တီးနားနှင့် ဗြိတိန်နိုင်ငံတို့သည် အဆိုပါဖောက်ကလင်ကျွန်းစု ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဆယ်စုနှစ်အတန်ကြာ အငြင်းပွားနေခဲ့ကြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## ပြည်ဝင်ခွင့်ဗီဇာ အပြန်အလှန်ခွင့်ပြုရေးသဘောတူညီချက် ပိုလန်နှင့်ဆွီဒင် လက်မှတ်ရေးထိုး

ဝါဆော မတ် ၅

ပိုလန်အစိုးရနှင့်ဆွီဒင်အစိုးရတို့သည် ပြည်ဝင်ခွင့်ဗီဇာ အပြန်အလှန်ကိုယ်စားပြု သဘောတူညီချက်တစ်ရပ်ကို မတ် ၃ရက်က လက်မှတ်ရေးထိုးခဲ့ကြကြောင်း ပိုလန်သတင်းဌာန၏ ဖော်ပြချက်အရသိရသည်။

**ခွင့်ပြုပေး**

ပိုလန်နိုင်ငံခြားရေးဝန်ကြီး ကရီမာနှင့် ပိုလန်နိုင်ငံဆိုင်ရာ ဆွီဒင်သံအမတ်ကြီး ဟတ်တီလတ်စ်တို့က ယင်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ ယင်းသဘောတူညီချက်အရ နိုင်ငံတစ်နိုင်ငံ၏ကိုယ်စား သံတမန်မစ်ရှင်များနှင့် ကောင်စစ်ဝန်ရုံးများက ပြည်ဝင်ခွင့်ဗီဇာကို ခွင့်ပြုပေးမည်ဖြစ်သည်။

အဆိုပါသဘောတူညီချက်သည် ပိုလန်နှင့်ဆွီဒင်နှစ်နိုင်ငံအတွင်း ဆက်ဆံရေးကောင်းမွန်သည့် လက္ခဏာဖြစ်သည်ဟု ဟတ်တီလတ်စ်နှင့် ပူးတွဲကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ကရီမာက ပြောကြားသည်။ **(အင်တာနက်)**

## မိုဂါဒစ်ရှူး၌ တိုက်ပွဲဖြစ်ပွား ၁၇ ဦးထက်မနည်း သေဆုံး

မိုဂါဒစ်ရှူး မတ် ၅

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့တွင် သေနတ်သမားများနှင့် ဆိုမာလီတပ်ဖွဲ့ဝင်များအကြား တိုက်ပွဲထပ်မံဖြစ်ပွားရာမှ ၁၇ ဦးသေဆုံးပြီး ၄၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

**သိမ်းပိုက်**

မတ် ၂ရက် ညနေပိုင်းက တိုက်ပွဲစတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တစ်ညလုံး ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း၊ လက်နက်ကိုင် စစ်သွေးကြွများ သိမ်းပိုက်ထားသော ဆိုမာလီနိုင်ငံမြောက်ပိုင်း ဟိုဒင်ခရိုင်တွင် အဆိုပါတိုက်ပွဲ ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ အာဖရိကသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့၏ အကူအညီဖြင့် ဆိုမာလီအစိုးရတပ်များက ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရုပ်မြင်သံကြားပြန်ကြားရေး သတင်းထောက်က သတင်းပေးပို့သည်။

စိန်ပြောင်းများ အမြောက်အမြားကျရောက်မှုကြောင့် လူနေအိမ်များပျက်စီးသွားပြီး အရပ်သား ၁၀ဦး သေဆုံးခဲ့ကြောင်း၊ လက်နက်ကိုင် စစ်သွေးကြွခုနစ်ဦးလည်း သေဆုံးကြောင်း ဆရာဝန်နှင့် မျက်မြင်သက်သေများက မတ် ၃ရက်တွင် ပြောကြားသည်။

**(အင်တာနက်)**

# ပြည်တွင်းစက်မှုထုတ်ကုန်များကို မြိုင်မြိုင်ဆိုင်ဆိုင် ခင်းကျင်းပြသထားသည့် မြန်မာ့စက်မှုဖွံ့ဖြိုးမှုကိုဖော်ညွှန်းနေသော မြန်မာစက်မှုပြပွဲ

အမေး၊အရေး -မောင်မောင်မြင့်ဆွေ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-အေးအေးလွင်(မြန်မာ့အလင်း)



ပြည်တွင်းဖြစ် ရေသန့်စက်များကိုလည်း ဤသို့ပြသထားသည်မှာ· · · ·။

ရန်ကုန် မတ် ၅

**“မြန်မာစက်မှုပြပွဲ”စတင်ဖွင့်လှစ်သည့်နေ့· · ·။ ရန်ကုန်မြို့ တပ်မတော်ခန်းမသို့ရောက်ချိန်တွင် ပြပွဲလာပရိသတ်များဖြင့် စည်ကားနေပေပြီ။ မြန်မာစက်မှုပြပွဲကို တပ်မတော်ခန်းမ၌ မတ် ၅ရက်မှ ၇ရက်အထိ ကျင်းပနေပြီဖြစ်ရာ မြန်မာ့စက်မှုထုတ်ကုန်များကို တစုတစည်းတည်း မြင်တွေ့လေ့လာနိုင်သည့် ကြုံတောင့်ကြုံခဲ အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။**

## ပြသ

**“မြန်မာစက်မှုပြပွဲ”**ကျင်းပရာ တပ်မတော်ခန်းမအပြင်ဘက်၌ တေးဂီတဖျော်ဖြေရေး စင်မြင့်တစ်ခုကို တွေ့ရသည်။ ပြပွဲလာပြည်သူများအတွက် စိတ်အပန်းဖြေစရာအဖြစ် စီစဉ်ပြုလုပ်ထားခြင်းဖြစ်သည်။ ပြပွဲကျင်းပရာ တပ်မတော်ခန်းမအတွင်း ဝင်ရောက်လိုက်သည်နှင့် ကျယ်ဝန်းသပ်ရပ်စွာ ပြင်ဆင်ခင်းကျင်းပြသထားသော ပြခန်းများကို မြိုင်မြိုင်ဆိုင်ဆိုင် တွေ့မြင်ရသည်။ မီးရောင်စုံများဖြင့် ခမ်းနားထည်ဝါစွာ ခင်းကျင်းပြသထားသော မြန်မာ့စက်မှုထုတ်ကုန်များကို အံ့သြဖွယ်၊ အားရဖွယ် မြင်တွေ့ရသည်။

## ခင်းကျင်း

မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းက ကြီးမှူးပြီး စနစ်တကျ ခင်းကျင်းပြသထားသည်ဖြစ်ရာ ပြခန်းတိုင်းခံ့ထည်လျက်ရှိသည်။ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးပေါဟိန်းက ပြခန်းများကို စိတ်တိုင်းကျလေ့လာပါဟု ဆိုသဖြင့် ပြခန်းများခင်းကျင်းပြသမှုကို လိုက်လံလေ့လာခဲ့သည်။

## ရှင်းပြ

ပထမဦးစွာ“ဥဿာ အယ်လ်အီးဒီ စက်ရုံထုတ်ကုန်ပြခန်း”ကို ဝင်ရောက်လေ့လာရာ စက်ရုံမှူးဦးသိန်းဝင်းက “လျှပ်စစ်မရတဲ့ နေရာတွေမှာ အလွယ်တကူ အသုံးပြုနိုင်တဲ့ နေရောင်ခြည်သုံးမီးအိမ်တွေ၊ ACနဲ့အသုံးပြုရတဲ့ 3W၊5W အယ်လ်အီးဒီမီးလုံးတွေ 60W၊ 80W၊120W၊150W နဲ့ 180W မီးလုံးတွေနဲ့



“စက်ရုံသုံး၊ လုပ်ငန်းသုံး ဗို့အားထိန်းစက်တွေကို ပြသထားပါတယ်”

ဒေါက်တာအောင်သိန်း

လမ်းမီးတိုင်အဖြစ် အသုံးပြုလို့ရနိုင်တဲ့ အယ်လ်အီးဒီမီးလုံးတွေကို ပြသထားပါတယ်”ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

အယ်လ်အီးဒီမီးလုံး၊ မီးအိမ်များကို အမျိုးအစားစုံလင်စွာ ပြသထားသည်ကို တွေ့ရသည်။ အယ်လ်အီးဒီမီးလုံး၊ မီးအိမ်များသည် သာမန်မီးလုံး၊ မီးအိမ်များထက် ဓာတ်အားစားမှု ၈ဝရာခိုင်နှုန်းသက်သာကြောင်း သိရသည်။

တစ်ဖန် စိုးလျှပ်စစ်နှင့် စက်ကိရိယာပြခန်းတွင်လည်း စက်ပစ္စည်းအမျိုးအစားများ စုံလင်စွာပြသထားရာ မန်နေဂျင်းဒါရိုက်တာ ဦးကျော်မင်းထွန်းက “ဒီပြခန်းမှာတော့ ထရန်စဖော်မာအမျိုးမျိုးနဲ့ PACAKE TYPE တွေကို ပြသထားပါတယ်။ ဒါ့အပြင် ထရန်စဖော်မာထုတ်လုပ်ရာမှာ အသုံးပြုတဲ့ စာအုပ်တွေကို ပြသထားတဲ့အပြင် ထရန်စဖော်မာထုတ်လုပ်ရာမှာ စမ်းသပ်တဲ့ပစ္စည်းတွေကို ပြသထားပါတယ်။ထရန်စဖော်မာတွေအနေနဲ့ 50 KVA မှ 30 MVA စွမ်းအားအထိ ထုတ်လုပ်ပေးနိုင်တဲ့ ထရန်စဖော်မာတွေကို ပြသထားပါတယ်။ ဒီနှစ်အတွင်းမှာ 33.33MVA Single phase ထရန်စဖော်မာနဲ့ ဗို့အား 230/53၊ 11 KV ထရန်



ဒီလိုဆိုလာပြားတွေ အသုံးပြုပြီး လျှပ်စစ်အလင်းရရှိတဲ့ပစ္စည်းတွေ ပြသထားပါတယ်။

ဦးသိန်းဝင်း

စဖော်မာတွေကိုထုတ်လုပ်သွားဖို့ရှိပါတယ်” ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ပြည်တွင်း၌ အဆင့်မီထုတ်လုပ်ထားသော ထရန်စဖော်မာအမျိုးမျိုး၏ ဒီဇိုင်းခေတ်မီမှုနှင့် အရည်အသွေးကောင်းမွန်မှုများကို မြင်တွေ့ရသည်။ “ကျွန်တော်တို့က ဒီပြပွဲမှာ ထုတ်ကုန်ရောင်းဖို့ ထက်နည်းပညာဖလှယ်နိုင်ဖို့က အဓိကပါ”ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ထို့နောက် စူပရင်းဝါးတားဒေါက်တာပြခန်းအတွင်း ဝင်ရောက်လေ့လာခဲ့သည်။ ရေသန့်ရရှိရေးအတွက် ရေသန့်စင်သည့် စနစ်များ၊ အိမ်၊ ကျောင်း၊ ဆေးရုံ၊ စက်ရုံများတွင် ရေသန့်စနစ်အသုံးပြုမှုများ၊ ရေဆိုးသန့်စင်သည့်စနစ်များကို ရေသန့်စက်နမူနာများ၊ စက်အစိတ်အပိုင်းများဖြင့် စုံလင်စွာ ပြသထားသည်ကို တွေ့ရသည်။ ရေသန့်ဘူးခွံထုတ်သည့် စက်မှစတင်ကာ ရေသန့်ဘူးအဖြစ်ရောက်သည်အထိ စနစ်များကိုပြသထားသည်မှာ စိတ်ဝင်စားစရာဖြစ်သည်။

## ပြသထား

ဆက်လက်ပြီး ပြပွဲခန်းမအတွင်း ခင်းကျင်းပြသထားသော နီပန်းအီလက်ထရစ်နှင့် အီလက်ထရွန်နစ်ပြခန်းကို ဝင်ရောက်လေ့လာရာ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာအောင်သိန်းက “စက်ရုံသုံး၊ လုပ်ငန်းသုံးဗို့အားထိန်းစက်တွေကို အဓိက ပြသထားပါတယ်။ ဒါ့အပြင် လျှပ်စစ်သံဖြတ်စက်နဲ့ဂဟေဆော်စက်အမျိုးမျိုး၊ သတ္တုဂဟေဆော်စက်နဲ့ သံမဏိဂဟေဆော်စက်၊ ဝိုင်ယာအသုံးပြုဂဟေဆော်စက်၊ စပေါ့ဂဟေဆော်စက်နဲ့အွန်လိုင်းသုံး ယူပီအက်စ်တွေကို ပြသထားပါတယ်”ဟု ရှင်းပြသည်။



“ထုတ်ကုန်ရောင်းဖို့ထက် နည်းပညာဖလှယ်ဖို့က အဓိကဖြစ်ပါတယ်”

ဦးကျော်မင်းထွန်း

ဆက်လက်ပြီး ရန်ကုန်တိုင်း အသစ်နှင့်ပြန်ပြည့်မြဲစွမ်းအင်နည်းပညာကော်မတီ ပြခန်းရှေ့တွင် လေ့လာသူများဝိုင်းအုံနေသဖြင့် ဝင်ရောက်လေ့လာခဲ့သည်။ ဆိုလာပြားနှင့်တွဲပြီး မီးထွန်းနိုင်မှု၊ ဆိုလာပြားနှင့်တွဲလျက်မီးလုံး၊ မီးအိမ်များကို လက်တွေ့မီးထွန်းပြသထားမှုကြောင့် ပြပွဲလာပြည်သူများ စိတ်ဝင်စားစွာ လေ့လာဝယ်ယူနေကြသည်ကို တွေ့ရသည်။ တစ်ဖန်စွန့်ပစ်ပစ္စည်းမှ စွမ်းအင်ထုတ်ယူမှု နည်းပညာများကိုလည်း စုံလင်စွာပြသထားသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

## မြန်မာစက်မှုပြပွဲ

မြန်မာစက်မှုပြပွဲရှိ ပြခန်းတိုင်းကစိတ်ဝင်စားစရာ ကောင်းသည်။ ပြခန်းပေါင်း၁ဖ၀ခန့်ရှိရာ မြန်မာပြည်တွင်းစက်မှုထုတ်ကုန်အသစ်များကို မြင်တွေ့ရသဖြင့် မြန်မာ့စက်မှုကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုများကို အံ့သြဖွယ်ရာမြင်တွေ့ရသည်။ မြန်မာစက်မှုပြပွဲကား မြန်မာနိုင်ငံ၏ စက်မှုတိုးတက်မှုဂုဏ်ဒြပ်ကို ထင်ဟပ်နေသည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**



မြန်မာစက်မှုပြပွဲရှိ ပြခန်းများတွင် ပြည်သူများ ဤသို့စိတ်ဝင်စားစွာ လေ့လာကြည့်ရှုနေကြသည့်မြင်ကွင်းကလည်း· · · ·။

# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

## ချီလီမြောက်ပိုင်း၌ ငလျင်ထပ်မံလှုပ်

*ချီလီနိုင်ငံမြောက်ပိုင်း ကာလာမာမြို့ အရှေ့မြောက်ဘက် ၈၇ ကီလိုမီတာအကွာကို ဗဟိုပြုပြီး မတ် ၅ ရက် နံနက်က ရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ ငလျင်လှုပ်ခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုသတင်း မထုတ်ပြန်သေးကြောင်း ချီလီအရာရှိများက ပြောကြားသည်။*

## စပိန်ငါးဖမ်းသင်္ဘော ဆိုမာလီဓားပြများ တိုက်ခိုက်

***ကင်ညာနိုင်ငံကမ်းလွန်မိုင် ၃၅၀ ခန့်အကွာ အိန္ဒိယသမုဒ္ဒရာရေပြင်၌ စပိန်ငါးဖမ်းသင်္ဘောတစ်စင်း မတ် ၅ရက်က ဆိုမာလီပင်လယ်ဓားပြ၏ တိုက်ခိုက်အပိုင်စီးခံရပြီးနောက် ငါးဖမ်းသင်္ဘောပေါ်တွင် လိုက်ပါလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံတိုက်ခိုက်ခဲ့သဖြင့် လွတ်မြောက်ခဲ့ကြောင်း စပိန်အရာရှိများက ပြောကြားသည်။***

## ဇမ်ဘီယာသမ္မတ တရုတ်သို့ အလည်အပတ်ရောက်ရှိ

*ဇမ်ဘီယာသမ္မတ ရူပက်ဘန်ဒါသည် တရုတ်နိုင်ငံ ကိုးရက်ကြာအလည်အပတ်ခရီးအဖြစ် မတ် ၅ရက်က ပေကျင်းမြို့သို့ ရောက်ရှိလာကြောင်း၊ ခရီးစဉ်အတွင်း တရုတ်သမ္မတဟူကျင်ထောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဇမ်ဘီယာနိုင်ငံမှ အရာရှိများက မတ် ၅ရက်၌ ပြောကြားသည်။*

## ဂျပန်မှ တင်သွင်းမည့်ကားများ အခွန်ကင်းလွတ်မည်

***မက္ကဆီကိုနိုင်ငံက ဂျပန်နိုင်ငံမှ တင်သွင်းလာသော မော်တော်ယာဉ်များကို အခွန်ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ထိုသို့အခွန်ကင်းလွတ်မှုသည် လာမည့်ဧပြီ ၁ရက်မှ စတင်အကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း မက္ကဆီကိုအရာရှိများက မတ် ၅ရက်၌ သတင်းထုတ်ပြန်သည်။***

## ဖိလစ်ပိုင်မနီလာစားသောက်ဆိုင်ရှေ့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

*ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် မတ် ၅ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၁၂ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဆိုင်ကယ်ပေါ်မှ ပစ်ပေါက်သွားသော လက်ပစ်ဗုံးကြောင့်ဖြစ်ကြောင်း မနီလာရဲတပ်ဖွဲ့က မတ် ၅ရက်၌ ပြောကြားသည်။*

## မီးခိုးထွက်နည်းသောကားများ တရုတ်ထုတ်လုပ်မည်

*တရုတ်နိုင်ငံသည် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု လျော့ကျစေရန်နှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုကျဆင်းစေရန်အတွက် မီးခိုးအထွက်နည်းပါးသော မော်တော်ယာဉ်များကို ထုတ်လုပ်သည့်စက်ရုံများ တည်ဆောက်သွားမည်ဖြစ်ကြောင်း တရုတ်အရာရှိများက မတ် ၅ရက်၌ သတင်းထုတ်ပြန်သည်။*

## မလေးရှား၌ နိုင်ငံတကာမိုးပျံပူဖောင်းပြိုင်ပွဲ ကျင်းပမည်

***မလေးရှားနိုင်ငံ ပူထရာဂျာရာမြို့၌ ဒုတိယအကြိမ် နိုင်ငံတကာမိုးပျံပူဖောင်း ပြိုင်ပွဲကို မတ် ၁၈ရက်မှ ၂၁ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း မလေးရှားအရာရှိများက မတ် ၅ရက်၌ သတင်းထုတ်ပြန်သည်။***

## ဆွီဒင်ကမ်းလွန်ရေခဲပြင်၌ သင်္ဘောများပိတ်မိနေ

***ဆွီဒင်နိုင်ငံ အရှေ့ဘက်ကမ်းလွန်ပင်လယ်ပြင်(အောက်ပုံ)တွင် မတ် ၅ရက်က သင်္ဘောအစင်း ၅၀ခန့် ရေခဲပြင်အတွင်းပိတ်မိနေကြောင်း၊ သင်္ဘောအများစုမှာ ခရီးသည်နှင့် ကုန်တင်သင်္ဘောများဖြစ်ပြီး စုစုပေါင်းခရီးသည် ၂၀၀၀ကျော် သောင်တင်နေကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဆွီဒင်ရေတပ်အရာရှိများက ပြောကြားသည်။***



## ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုးတန့်နေ

ကမ္ဘာ့ဈေးကွက်၌ အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းလျက်ရှိရာ ဂျပန်ဈေးကွက်၌ မတ် ၅ရက်ဈေးပိတ်ချိန်တွင် တစ်ဒေါ်လာလျှင် ဂျပန်ယန်းငွေ ၈၉ယန်းသာရှိခဲ့ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

# စီမံကိန်းလုပ်ငန်းကြီးများ ဖော်ဆောင်ရာ၌ အရည်အသွေး၊ အရည်အချင်းရှိရန်လို ကုန်ကျစရိတ် တတ်နိုင်သမျှသက်သာရန်နှင့် အချိန်မီပြီးစီးရန် အရေးကြီး

❒ ရှေ့ဖုံးမှ

## တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ညှိနှိုင်းအစည်းအဝေးတွင် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မှာကြားလမ်းညွှန်ရာ၌ မိမိတို့အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့သည် တိုင်းပြည်အတွက် အကျိုးရှိသော စီမံကိန်းကြီးများကို စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော စီမံကိန်းလုပ်ငန်းကြီးများမှာ လုပ်ငန်းပမာဏအရ ကြီးမားသကဲ့သို့ ရင်းနှီးမြှုပ်နှံရသည့် တန်ဖိုးပမာဏအရလည်း ကြီးမားသည့်အတွက် ဝန်ကြီးဌာနတစ်ခုတည်းကသာ တာဝန်ယူတည်ဆောက်နေ၍မရဘဲ လုပ်ငန်းဆက်စပ်လျက်ရှိသော ဝန်ကြီးဌာနများ စုပေါင်းပြီး ညီညီညွတ်ညွတ် ဝိုင်းဝန်းအကောင်အထည်ဖော်ကြရကြောင်း၊ ပူးပေါင်းမှုနှင့် စုပေါင်းဆောင်ရွက်မှု အားကောင်းခြင်းကြောင့် မိမိတို့လက်ထက်၌ အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း။

## အကျိုးဖြစ်ထွန်း

လုပ်ငန်းပမာဏရော ရင်းနှီးမြှုပ်နှံမှုပါကြီးမားသည့် ယင်းစီမံကိန်း လုပ်ငန်းကြီးများသည် တိုင်းပြည်ကို ထိရောက်စွာ အကျိုးဖြစ်ထွန်းစေလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့လက်ထက်၌ အရေးပါသော စီမံကိန်းလုပ်ငန်းကြီးများကို တည်ဆောက်ရမှာဖြစ်သကဲ့သို့ နောင်လာနောက်သားများလက်ထက်၌လည်း ယခုကဲ့သို့ စီမံကိန်းကြီးများကို ဆက်လက် တည်ဆောက်သွားကြရမှာဖြစ်ကြောင်း၊ တည်ဆောက်မှုများကို အစဉ်လုပ်ကိုင်မှသာ နိုင်ငံတော်သည် အမြဲတမ်း ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း၊ လုပ်ငန်းများ အောင်မြင်စွာပြီးစီးအောင် ဆက်စပ်ဝန်ကြီးဌာနအားလုံးက ညီညီညွတ်ညွတ် စုပေါင်းတည်ဆောက်သွားကြရန် လိုအပ်ကြောင်း။

ယင်းစီမံကိန်းလုပ်ငန်းကြီးများကို တည်ဆောက်အကောင်အထည်ဖော်ရာ၌လည်း ကောင်းမွန်သော အရည်အသွေး၊ အရည်အချင်းရရှိရန် လိုအပ်သကဲ့သို့ ကုန်ကျစရိတ်ကို တတ်နိုင်သမျှ သက်သာရန်နှင့် အချိန်မီပြီးစီးရန် အရေးကြီးကြောင်း။

## တစ်ပြိုင်တည်းတည်ဆောက်

တည်ဆောက်ရေးလုပ်ငန်းတစ်ခုကို ဆောင်ရွက်ရာ၌ ယင်းလုပ်ငန်းတစ်ခုတည်းကိုသာ ကွက်၍ တည်ဆောက်နေ၍မဖြစ်ဘဲ ယင်းလုပ်ငန်းနှင့်ဆက်နွယ်လျက်ရှိသော အခြားလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း တည်ဆောက်ရကြောင်း၊ စီးပွားရေးတည်ဆောက်လျှင် လမ်းပန်းဆက်သွယ်ရေးကို တည်ဆောက်ရသကဲ့သို့ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးကိုလည်း တည်ဆောက်ပေးရကြောင်း၊ ထို့အတူ အခြားဆက်စပ်လျက်ရှိသောကဏ္ဍများ ဖွံ့ဖြိုးလာရေးကို ဖော်ဆောင်ရကြောင်း၊ ထို့အပြင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကိုလည်း ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်အောင် တည်ဆောက်ရကြောင်း၊ ထို့ကြောင့် တိုင်းပြည်တည်ဆောက်ရေးသည် ဘက်စုံတည်ဆောက်ရေးဖြစ်ကြောင်း။

ထို့အပြင် လုပ်ငန်းများအောင်မြင်ရေးအတွက် အဆင့်ဆင့်သော ကြီးကြပ်မှုနှင့် လမ်းညွှန်မှုအားကောင်းရန်လည်း လိုအပ်ကြောင်း၊ ကြီးကြပ်မှုနှင့် လမ်းညွှန်မှု အစဉ်တစိုက်ရှိမှသာ လုပ်ငန်းများသည် မြန်မြန်ဆန်ဆန် အရည်အသွေးရှိရှိ၊ ကုန်ကျစရိတ် သက်သာစွာနှင့် အချိန်မီပြီးစီးနိုင်သည့် လက်တွေ့သာဓကများစွာ ရှိပြီးဖြစ်ကြောင်း။

## ပူးပေါင်းအကောင်အထည်ဖော်

ထို့ကြောင့် တိုင်းပြည် စဉ်ဆက်မပြတ် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းလုပ်ငန်းကြီးများကို ကြိုးကြိုးစားစား ပူးပေါင်းအကောင်အထည်ဖော်ကြရန်၊ မိမိတို့လက်ထက် ပြီးစီးရမည့်လုပ်ငန်းများကို အချိန်မီ ပြီးစီးအောင် စနစ်တကျ တာဝန်ကျေကျေ လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဆည်မြောင်းဦးစီးဌာနအနေဖြင့် ဆက်လက် အကောင်အထည်ဖော်သွားမည့် မင်းမြင်ရေလှောင်တမံစီမံကိန်း၊ မုက္ခာရေလှောင်တမံစီမံကိန်း၊ နတ်ကာရေလှောင်တမံစီမံကိန်းနှင့် ဘုရားလှရေလှောင်တမံစီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

## အထောက်အကူပြု

**အဆိုပြုတင်ပြသည့် စီမံကိန်းများအနက် ပထမစီမံကိန်းမှာ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ရှမ်းကုန်းကျေးရွာ အရှေ့ဘက် ၂ဒသမ ၅မိုင်**

ရှင်းလင်း တင်ပြ



လယ်ယာစိုက် ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

**ခန့်အကွာရှိ မင်းမြင်ချောင်းပေါ်၌ မြေသားတမံအမျိုးအစားအဖြစ် တည်ဆောက် အကောင်အထည်ဖော်သွားမည့် မင်းမြင်ရေလှောင်တမံစီမံကိန်းဖြစ်ပြီး အဆိုပါ စီမံကိန်းပြီးစီးပါက လယ်မြေဧရိယာ ဧက ၂၀၀၀ခန့်ကို ဆည်ရေပေးဝေ စိုက်ပျိုးနိုင်မည်ဖြစ်ပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက်ပါ အထောက်အကူပြုမည်ဖြစ်သည်။**

## ဆည်ရေပေးဝေနိုင်

**ဒုတိယစီမံကိန်းမှာ ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ အထက်ဘက်ရှိ မုက္ခာချောင်းပေါ်၌ မြေသားတမံအမျိုးအစားအဖြစ် တည်ဆောက် အကောင်အထည်ဖော်သွားမည့် မုက္ခာရေလှောင်တမံ စီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်းမှာ မင်းလှမြို့နယ်အတွင်း စိုက်ပျိုးမြေဧရိယာ ဧက ၁၀၀၀ခန့်ကို ဆည်ရေပေးဝေနိုင်ပြီး ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့ကို အထောက်အကူပြုမည့် စီမံကိန်းဖြစ်သည်။**

**တတိယစီမံကိန်းမှာ မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် မဲဒီးကျေးရွာအနီးရှိ နတ်ကာချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်သွားမည့် မြေသားတမံအမျိုးအစား နတ်ကာရေလှောင်တမံစီမံကိန်းဖြစ်သည်။ စီမံကိန်းပြီးစီးပါက သီးနှံစိုက်ပျိုးမြေဧရိယာ ဧက ၁၂၀၀ ခန့်ကို ဆည်ရေ ပေးဝေနိုင်ပြီး ဒေသဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။**

*စာမျက်နှာ ၇ ကော်လံ ၁*

**နိုင်ငံတော်မှ ဆည်မြောင်းတာတမံများကို ဒေသအနှံ့ တည်ဆောက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၈ရက်က မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်၌ ဝန်ယူရေလှောင်တမံကို ဖွင့်လှစ်ပေးနိုင်ခဲ့၍ ဒေသခံတောင်သူများ မိုးစပါးအပြင် နွေစပါးပါ စိုက်ပျိုးနိုင်ကြပေပြီ။**
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



*စာမျက်နှာ ၆ မှ*

### ဘုရားလှရေလှောင်တမံ

**စတုတ္ထစီမံကိန်းမှာ ဧရာဝတီတိုင်း လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းဒေသ စမ်းကြီးသရက်ကုန်းကျေးရွာအထက် တစ်မိုင်ခွဲခန့်အကွာရှိ ဘုရားလှချောင်းပေါ်၌ မြေသားတမံတည်ဆောက်၍ ဟိုင်းကြီးကျွန်းဒေသအတွင်း လယ်မြေဧက ၈၀၀ခန့်ကို ရေပေးဝေနိုင်မည့် ဘုရားလှရေလှောင်တမံ စီမံကိန်းဖြစ်သည်။**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ခဲ့ပြီးဖြစ်သော ဆည်တမံလုပ်ငန်းပေါင်းမှာ ၂၃၁ ခု ရှိပြီဖြစ်သည်။

ဆက်လက်၍ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းက Solar Panel ထုတ်လုပ်မှုစီမံကိန်း၊ တစ်တန်၊ တစ်တန်ခွဲနှင့် နှစ်တန် အရွယ်အစားရှိ Electric Vehicle ထုတ်လုပ်မှုစီမံကိန်း၊ သောင်တူးစက်ငယ်များ ထုတ်လုပ်မှုစီမံကိန်းနှင့် တစ်ရက်လျှင် သုံးတန်မှ ငါးတန်အထိ ကြိတ်ခွဲနိုင်သော ဆန်စက်ငယ်များထုတ်လုပ်မှု စီမံကိန်းတို့ကိုလည်းကောင်း၊ စက်မှုသင်တန်းကျောင်း (မကွေး) စီမံကိန်းတို့ကိုလည်းကောင်း အကောင်အထည်ဖော်သွားရန် စီမံဆောင်ရွက်ထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

### တိုးတက်ပြောင်းလဲ

**အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် ကမ္ဘာနှင့်အဝန်း တိုးတက်ပြောင်းလဲလာသည့် နည်းပညာများနှင့်အညီ စရိတ်သက်သာစွာဖြင့် နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်ရန် Solar Panel ထုတ်လုပ်မှုစီမံကိန်းကို ရန်ကုန်မြို့တွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။ ထုတ်လုပ်ရာတွင် ဈေးကွက်လိုအပ်ချက်အရ အသုံးပြုမည့်လျှပ်စစ် Watt အပေါ်မူတည်ပြီး Solar Panel များကို တစ်နှစ်လျှင် 2 Mega Watt အထိ ထုတ်လုပ်သွားမည်ဖြစ်သည်။**

တစ်တန်၊ တစ်တန်ခွဲနှင့် နှစ်တန်အရွယ်အစားရှိ Electric Vehicle များ ထုတ်လုပ်မှုစီမံကိန်းကို ရန်ကုန်မြို့တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပြီး တစ်နှစ်လျှင် တစ်တန်၊ တစ်တန်ခွဲနှင့် နှစ်တန်အရွယ်အစားရှိ Electric Vehicle စီးရေ ၂၀၀ ထုတ်လုပ်သွားမည်ဖြစ်သည်။ ယင်း Electric Vehicle များက လောင်စာဆီသုံးစွဲရမှုကို လျှော့ချနိုင်ပြီး စက်ရုံ၊ အလုပ်ရုံ၊ လေယာဉ်ကွင်း နှင့် ဆေးရုံများတွင် လွယ်ကူစွာ အသုံးပြုနိုင်မည်ဖြစ်သည်။

သောင်တူးစက်ငယ် (Small Dredger) ထုတ်လုပ်မှုစီမံကိန်းတွင် ခေတ်မီ စက်ပစ္စည်းကိရိယာများ တပ်ဆင်ထားပြီး စွမ်းဆောင်ရည်မြင့်မားသည့် Cutter Suction Dredger အမျိုးအစား သောင်တူးစက်ငယ်များနှင့် ဆက်စပ်ပစ္စည်း များကို ထုတ်လုပ်သွားမည်ဖြစ်သည်။

### စက်အရန်ပစ္စည်းထုတ်လုပ်

တစ်ရက်လျှင် သုံးတန်မှ ငါးတန်အထိ ကြိတ်ခွဲနိုင်သော ဆန်စက်ငယ်များ ထုတ်လုပ်မှုစီမံကိန်းကို မင်းလှမြို့နယ်ရှိ မလွန်စက်ရုံတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဈေးကွက်လိုအပ်ချက်နှင့် တောင်သူလယ်သမားများ အတွက် အသုံးတည့်စေမည့် တစ်ရက်လျှင် သုံးတန်မှ ငါးတန်အထိ ကြိတ်ခွဲနိုင် သော ဆန်စက်ငယ်များကို တစ်နှစ်လျှင် အလုံးရေ ၅၀၀၊ ခြောက်လက်မ Rubber Roll Husker, Gravity Grain Separating Screen, Emery Roll Rice Whitener နှင့် စက်အရန်ပစ္စည်းများကို ထုတ်လုပ်မည်ဖြစ်သည်။

စက်မှုသင်တန်းကျောင်း (မကွေး)တွင် မော်တော်ယာဉ်ဆိုင်ရာ အထူးပြု သင်တန်းများဖြစ်သည့် မော်တော်ယာဉ်ထိန်းသိမ်းမှု အတတ်ပညာသင်တန်း၊ မော်တော်ယာဉ်ထုတ်လုပ်မှု နည်းပညာသင်တန်းနှင့် မော်တော်ယာဉ် အရည်အသွေး စစ်ဆေးရေး သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနိုင်ရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော တည်ဆောက် ရေးလုပ်ငန်းများကို အကျဉ်းချုပ်တင်ပြပြီး မာန်အောင်ကျွန်းပတ်လမ်း၊ ကသာ-ဗန်းမော်လမ်း၊ ဘိုကလေး - မော်လမြိုင်ကျွန်း - ကျုံမငေး - မြောင်းမြလမ်း၊ ကျုံကဒွန်း-စက်ဆန်းလမ်း၊ ပေါက်တော-မင်းပြားလမ်း၊ မြေပုံ-မင်းပြားလမ်း၊ ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းနှင့် ရွှေချောင်း-အနီးစခန်းလမ်း၊ ကုန်းကြမ်း-မော်ထိုက်လမ်း၊ တာရွှေထန်-တာပါးလမ်းပိုင်း၊ ထိလုံ-အောက်ဖိုလ်တဲ လမ်းပိုင်း များ ဖောက်လုပ်ရန် ကိစ္စရပ်များ၊ ဧရာဝတီမြစ်ကူးတံတား (ညောင်တုန်း)၊ ဧရာဝတီမြစ်ကူးတံတား(ပခုက္ကူ)၊ ဧရာဝတီမြစ်ကူးတံတား(မလွန်)၊ ဧရာဝတီ မြစ်ကူးတံတား(ရတနာသိင်္ဃ)၊ ပဲခွယ်ကုန်း-ကျောက်ကြီးလမ်းပေါ်ရှိ စစ်တောင်း တံတား (နတ်သံကွင်း)၊ ဂျိုင်းမြစ်ကူး(ကော့ကရိတ်)တံတားအသစ်၊ ဘိုကလေး မြစ်ကူး တံတားအသစ်နှင့် မူလာရှိုးဒီးတံတား တည်ဆောက်ရေးစီမံကိန်းတို့နှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်သွားမည့် အစီအမံတို့ကို ဆက်လက်ရှင်းလင်း တင်ပြသည်။

### ရာသီမရွေးသွားလာနိုင်

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ်ရှိ လမ်းအရှည် ၅၁မိုင် ၄ဖာလုံရှိသော မာန်အောင်ကျွန်းပတ် လမ်းကို မော်တော်ယာဉ်များ သွားလာနိုင်သည့် ကျောက်လမ်း၊ အမာခံလမ်း အဆင့်သို့ တိုးမြှင့်ဖောက်လုပ်ခဲ့ပြီး ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၆ရက်တွင် လမ်းကို ဖွင့်လှစ်နိုင်ခဲ့သည်။ ဆက်လက်၍ ကျောက်ချောလမ်းအဆင့်နှင့် လိုအပ်သော တံတားများကို တည်ဆောက်ပြီးစီးပါက *စာမျက်နှာ ၈ ကော်လံ ၁*

**အမှတ်(၂) စက်မှုဝန်ကြီးဌာန မြေထိုး၊ မြေတူး ယန္တရားထုတ်လုပ်မှုစက်ရုံ(သာဂရ)မှ အရည်အသွေးမီ အသင့်အသုံးပြုနိုင်သည့် သုံးတန် ဝန်ပင့်ယာဉ်နှင့် မြေတူးယန္တရားတို့ကို ဤသို့ ထုတ်လုပ်ပေးလျက်ရှိသည်။**

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



## ဆည်မြောင်းဦးစီးဌာနမှ ဆက်လက်ဖော်ဆောင်သွားမည့် စီမံကိန်းများ

- **မင်းမြင်ရေလှောင်တမံစီမံကိန်း - ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ရှမ်းကုန်းကျေးရွာ အရှေ့ဘက် ၂ ဒသမ ၅မိုင် ခန့်အကွာရှိ မင်းမြင်ချောင်းပေါ်၌ မြေသားတမံအမျိုးအစားအဖြစ် တည်ဆောက် အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး စီမံကိန်းပြီးစီးပါက လယ်မြေရိယာ ဧက ၂၀၀၀ခန့်ကို ဆည်ရေပေးဝေ စိုက်ပျိုးနိုင်မည်။**
- **မုက္ခာရေလှောင်တမံစီမံကိန်း - ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ အထက်ဘက်ရှိ မုက္ခာချောင်း ပေါ်၌ မြေသားတမံအမျိုးအစားအဖြစ် တည်ဆောက် အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး မင်းလှမြို့နယ်အတွင်း စိုက်ပျိုးမြေ ရိယာ ဧက ၁၀၀၀ခန့်ကို ဆည်ရေပေးဝေနိုင်မည်။**
- **နတ်ကာရေလှောင်တမံစီမံကိန်း - မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် မဲဒီးကျေးရွာအနီးရှိ နတ်ကာချောင်းပေါ်၌ တည်ဆောက် အကောင်အထည်ဖော်သွားမည့် မြေသားတမံအမျိုးအစားဖြစ်၍ စီမံကိန်းပြီးစီးပါက သီးနှံစိုက်ပျိုးမြေရိယာ ဧက ၁၂၀၀ခန့်ကို ဆည်ရေပေးဝေနိုင်ပြီး ဒေသဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုမည်။**
- **ဘုရားလှရေလှောင်တမံစီမံကိန်း - ဧရာဝတီတိုင်း လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းဒေသ စမ်းကြီးသရက်ကုန်းကျေးရွာအထက် တစ်မိုင်ခွဲခန့်အကွာရှိ ဘုရားလှချောင်းပေါ်၌ မြေသားတမံတည်ဆောက်၍ ဟိုင်းကြီးကျွန်းဒေသအတွင်း လယ်မြေဧက ၈၀၀ခန့် ကို ရေပေးဝေနိုင်မည်။**

# မိမိတို့လက်ထက်၌ အရေးပါသော စီမံကိန်းလုပ်ငန်းကြီးများကို တည်ဆောက်ရမှာ ဖြစ်သကဲ့သို့ နောင်လာနောက်သားများလက်ထက်၌လည်း ယခုကဲ့သို့စီမံကိန်းကြီးများကို ဆက်လက်တည်ဆောက်သွားကြရမှာဖြစ်

✻ စာမျက်နှာ ၇ မှ

မာန်အောင်ကျွန်းတစ်ပတ်လုံးကို ရာသီမရွေး ပိုမိုလွယ်ကူလျင်မြန်စွာ သွားလာနိုင်မည် ဖြစ်သည်။

စစ်ကိုင်းတိုင်း ကသာမြို့နှင့် ကချင်ပြည်နယ် ဗန်းမော်မြို့တို့ကို ဆက်သွယ်ဖောက်လုပ်လျက်ရှိသော ကသာ-ဗန်းမော်လမ်းသည် ဧရာဝတီမြစ်ကူးတံတား (စင်းခန်း)၊ ကသာ-ဗန်းမော် မီးရထားလမ်းသစ် တည်ဆောက်ခြင်းနှင့်အတူ တစ်ပြိုင်တည်း အသစ်တည်ဆောက်လျက်ရှိသော (၆၅)မိုင်ရှည်လျားသည့် မော်တော်ကားလမ်းသစ်ဖြစ်သည်။ လမ်းဖောက်လုပ်ပြီးစီးပါက စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်အကြား ပိုမိုလွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။ အလားတူ ဒေသတွင်း ကုန်စည်စီးဆင်းမှုကိုလည်း ပိုမိုမြန်ဆန်စေပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည့်ကဏ္ဍများ ပိုမိုဖွံ့ဖြိုးလာမည် ဖြစ်သည်။

## ဖောက်လုပ်သွားမည်

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဝင် လမ်းမကြီး (၁၀)လမ်းတွင် ပါဝင်သော အမှတ် (၁၀)လမ်းမကြီးဖြစ်သည့် ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-မြောင်းမြလမ်းသည် လမ်းအရှည်မိုင် ၆၆မိုင်ရှိပြီး လမ်းတာပေါင် တည်ဆောက်ခြင်း၊ မြေသားလမ်းမှ အမာခံလမ်း တည်ဆောက်ခြင်း၊ အမာခံလမ်းမှ ကျောက်ချောလမ်းတည်ဆောက်ခြင်း စသည့် လုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် ဖောက်လုပ်သွားမည်ဖြစ်သည်။ လမ်းဖောက်လုပ်ပြီးစီးပါက ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း စသည့် ဒေသများမှ ပြည်သူများသည် မြောင်းမြမြို့မှတစ်ဆင့် ရန်ကုန်- ပုသိမ်လမ်းသို့ အနီးဆုံး ဖြတ်လမ်းအဖြစ် သွားရောက်နိုင်မည်ဖြစ်သည်။ အလားတူ ကွန်ရက်သဖွယ် ဖြန့်ကြက်



အမှတ် (၂) စက်မှုဝန်ကြီး ဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ရှင်းလင်း တင်ပြစဉ်။

(သတင်းစဉ်)

ဖြစ်သည်။ လမ်းဖောက်လုပ်ပြီးစီးပါက ရခိုင်ကမ်းရိုးတန်းဒေသတစ်လျှောက် လမ်းပန်းဆက်သွယ်မှု ပိုမိုလွယ်ကူလျင်မြန်လာစေပြီး ဒေသခံပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားလာစေမည်ဖြစ်သည်။

## အသုံးပြုနိုင်

ရန်ကုန်-မန္တလေးလမ်း(ကျောက်ဆည်မြို့)နှင့် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း(ပြင်ဦးလွင်မြို့)တို့ကို အနီးဆုံး ဆက်သွယ်နိုင်သော ဖြတ်လမ်းအဖြစ် အသုံးပြုနိုင်ရန် အရှည် ၁၁မိုင်ရှိ ရွှေချောင်း-အနီးစခန်းလမ်းကို ဖောက်လုပ်မည်ဖြစ်သည်။ လမ်းဖောက်လုပ်ပြီးစီးပါက ကျောက်ဆည်မြို့ ရဲရွာရေအားလျှပ်စစ်စက်ရုံ၊ ကျောက်ဆည် စက်မှုနယ်မြေ၊ ပြင်ဦးလွင်မြို့၊ ရတနာပုံမြို့သစ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက် မြန်မာပြည်) စသည့် စက်ရုံအလုပ်ရုံများ၊ လုပ်ငန်းများအကြား လျင်မြန်တိုတောင်းစွာ သွားလာနိုင်သော ဖြတ်လမ်းအဖြစ် အသုံးပြုနိုင်မည် ဖြစ်သည်။

## အမာခံလမ်းဖြစ်အောင်တည်ဆောက်

ကုန်းကြမ်း-ကော်ကြာတူး(တာကျိုင်း)-မော်ထိုက်လမ်းသည် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ အမြင့်ပေ ၅၀၀၀ကျော်မြင့်သော ကုန်းကြမ်းမြို့မှ အမြင့်ပေ ၆၀၀၀ ခန့်မြင့်သော တောင်ကြောတောင်စောင်းများအတိုင်း သံလွင်မြစ်ကမ်းရှိ ကော်ကြာတူး(တာကျိုင်း) ကူးတို့ဆိပ်ရောက်အောင် ဖောက်လုပ်ပြီး ၎င်းမှ အမြင့်ပေ ၇၀၀၀ကျော်မြင့်သော မော်ထိုက်မြို့သို့ရောက်အောင် ဖောက်လုပ်ထားသော မော်တော်ကားလမ်း ဖြစ်သည်။ မြေသားလမ်းဖြစ်ခြင်း၊ နှစ်ကာလကြာမြင့်စွာ ပြုပြင်ထိန်းသိမ်းမှု မရှိခဲ့ခြင်းတို့ကြောင့် လမ်းများ ပျက်စီးလျက်ရှိရာ ယခုအခါ လမ်းတာပေါင်အကျယ် ၃၄ပေနှင့် ၁၄ပေအကျယ် အမာခံလမ်းဖြစ်လာအောင် တည်ဆောက်မည်ဖြစ်သည်။ လမ်းအရှည် ၆၈မိုင်ရှိသည့် အဆိုပါလမ်း တည်ဆောက်ပြီးစီးပါက သံလွင်မြစ်ဖျားဒေသဖြစ်သည့် မော်ထိုက်ဒေသနှင့် မုံးကိုး-ဖောင်းဆိုင်ဒေသ၊ ကြူကုတ်-မူဆယ်-နမ့်ခမ်း၊ လောက်ကိုင်-



ပြည်ထောင်စုတစ်ဝန်း နယ်မြေဒေသအသီးသီး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံအကျဆုံးဖြစ်သည့် လမ်း၊ တံတားများ တည်ဆောက်ပေးမှုကို နိုင်ငံတော်က မှန်မြတ်သောစေတနာဖြင့် နိုင်ငံအနှံ့ မြစ်ကူးတံတားကြီးများ လက်ယှက်ထိုး တည်ဆောက်ပေးခဲ့ရာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်နှင့် ပဲခူးတိုင်း ဝေါမြို့နယ်တို့အကြား ပေါင်းကူးဆက်သွယ်ပေးထားသည့် စစ်တောင်းမြစ်ကူး စစ်တောင်းတံတား (မုပ္ပလင်)သည်လည်း စီမံကိန်းဝင် တံတားကြီးတစ်စင်းဖြစ်သည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ကွမ်းလုံဒေသတို့သည် ယင်းလမ်းကို နယ်စပ်ဒေသ ကူးလူးဆက်သွယ်နိုင်မည့် အမာခံလမ်းကြောင်းအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။

တာပါး-တာရွှေထန်လမ်းပိုင်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မုံးစီး-တာပါး-တာရွှေထန်လမ်း၏ လမ်းပိုင်းတစ်ခုဖြစ်ပြီး လမ်းအရှည် ၁၂မိုင်ရှိသည်။ အဆိုပါလမ်းကို လမ်းတာပေါင်အကျယ် ၃၄ပေနှင့် ၁၂ပေအကျယ် ကတ္တရာလမ်းအဆင့်သို့ မြှင့်တင်တည်ဆောက်မည်ဖြစ်သည်။ လမ်းတည်ဆောက်ပြီးစီးပါက ယင်းလမ်းမှတစ်ဆင့် သံလွင်မြစ်ကူးတံတား(တာပါး)ကို ဖြတ်ကျော်၍ မုံးစီး-

# နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်ရန် Solar Panel ထုတ်လုပ်မှုစီမံကိန်းကို ရန်ကုန်မြို့တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်၊ ထုတ်လုပ်ရာတွင် ဈေးကွက်လိုအပ်ချက်အရ အသုံးပြုမည့် လျှပ်စစ် Watt အပေါ်မူတည်ပြီး Solar Panel များကို တစ်နှစ်လျှင် 2 Mega Watt အထိ ထုတ်လုပ်သွားမည်။

ထားသော လမ်းများမှတစ်ဆင့် မိမိလိုရာခရီးကို အလွယ်ကူဆုံး ရွေးချယ်သွားလာနိုင်သဖြင့် ဒေသဖွံ့ဖြိုးမှုနှင့် ကုန်စည်စီးဆင်းမှုကို ပိုမိုလျင်မြန်လာစေမည့်အပြင် အရေးပေါ် သဘာဝဘေးဒဏ်များမှ ကာကွယ်နိုင်မည်ဖြစ်သည်။

## ဆက်သွယ်ပေးထား

ထို့အတူ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဝင် အမှတ်(၈) လမ်းမကြီးဖြစ်သည့် ကျုံကဒွန်း-စက်ဆန်းလမ်းကို မူလအမာခံလမ်းနှင့် မြေသားလမ်းအခြေအနေမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်မည်ဖြစ်သည်။ လမ်းအရှည်မှာ ၁၉မိုင် ၁ ဖာလုံရှိပြီး စီမံကိန်းဝင်လမ်းမကြီးများဖြစ်သည့် ဖျာပုံ-ကျုံကဒွန်း-ဒေါ်ညိမ်း-အမာလမ်းနှင့် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းတို့ကို ဆက်သွယ်ပေးထားသည့် လမ်းဖြစ်သည်။

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့နှင့် မင်းပြားမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ပေါက်တော-မင်းပြားလမ်းသည် အရှည်မိုင် ၂၀ ၆ ဖာလုံရှိပြီး မူလတစ်ကြောင်းထိုး မြေသားလမ်းအဆင့်မှ ကျောက်ချောလမ်းအဆင့်အထိ တစ်ဆင့်ပြီးတစ်ဆင့် အဆင့်မြှင့်တင် ဖောက်လုပ်သွားမည်

## အဆင့်မြှင့်တင်

ရခိုင်ပြည်နယ် စစ်တွေခရိုင်ရှိ မြေပုံမြို့နှင့် မင်းပြားမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော မြေပုံ-မင်းပြားလမ်းသည် လမ်းအရှည် ၂၄မိုင် ၇ဖာလုံရှိပြီး မူလတစ်ကြောင်းထိုးလမ်းအခြေအနေမှ ကျောက်ချောလမ်းအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် အဆင့်မြှင့်တင် ဖောက်လုပ်မည်ဖြစ်သည်။ လမ်းဖောက်လုပ်ပြီးစီးပါက ပင်လယ်ဝရှိ မြေပုံမြို့မှ မင်းပြားမြို့သို့လည်းကောင်း၊ ပေါက်တောမြို့၊ မြောက်ဦးမြို့နှင့် စစ်တွေမြို့တို့မှတစ်ဆင့် ရန်ကုန်မြို့သို့လည်းကောင်း မော်တော်ယာဉ်ဖြင့် ရာသီမရွေး ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းသည် ရခိုင်ပြည်နယ် စစ်တွေခရိုင်အတွင်း၌ အသစ်ဖောက်လုပ်လျက်ရှိသော လမ်းတစ်လမ်းဖြစ်သည်။ လမ်းအရှည် ၂၂မိုင် ၆ ဖာလုံရှိ အဆိုပါလမ်းအား ၁၄ပေအကျယ်ရှိ ကျောက်ချောလမ်းအဆင့်သို့ အဆင့်မြှင့်တင်၍ လိုအပ်သော တံတားများကို တည်ဆောက်သွားမည်ဖြစ်သည်။ လမ်းဖောက်လုပ်ပြီးစီးပါက ရာသီမရွေး သွားလာနိုင်မည်ဖြစ်ပြီး လမ်းပေါ်ရှိ လက်ဝဲစာတိုက်၊ ဖက်ကျ၊ စေတီမြင်၊ ကျောက်သာရှည် စသည့် ကျေးရွာများ၏ ကူးသန်းရောင်းဝယ်မှုနှင့် လူနေမှုအဆင့်အတန်းများ ပိုမိုမြင့်မားလာမည် ဖြစ်သည်။





ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရှင်းလင်း တင်ပြစဉ်။

(သတင်းစဉ်)

မုံးဟောင်-မုံးယား-မုံးကိုးဒေသများနှင့်လည်းကောင်း မော်ထိုက်ဒေသများနှင့်လည်းကောင်း၊ ချင်းရွှေ များနှင့်လည်းကောင်း ဆက်သွယ်သွားလာမှု လျ ဖြစ်သည်။

## အထောက်အကူပြု

ထီလုံ-တာပေါင်-ပတ-နဘူး-အောက်ဗိုလ် ၅၇မိုင် ၆ ဖာလုံရှိပြီး ကရင်ပြည်နယ်ရှိ ဘားအံ- လမ်းအူကြောင်းအသစ်ဖြစ်သည်။ အဆိုပါလမ်းကို လမ်းတာပေါင်အကျယ် ၃၄ပေနှင့် ၁၄ပေ အ

တိုးတက်တည်ဆောက်မည်ဖြစ်သည်။ တည်ဆောက မော်လမြိုင်၊ ဘားအံ၊ လှိုင်းဘွဲ့၊ မြဝတီမြို့များနှ အကြား ဆက်သွယ်မှု ပိုမိုလွယ်ကူလျင်မြန်လာစေ ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေ မှုနှင့်အတူ ဒေသတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှ ဖြစ်သည်။

## တစ်ပေါင်းတည်းပါဝ

ဧရာဝတီမြစ်ကူးတံတား(ညောင်တုန်း)သည် ဧ တို့အတွင်း သွားလာဆက်သွယ်မှု ပိုမိုလွယ်ကူလျ မြစ်ကို ညောင်တုန်းမြို့အနီးမှ ဖြတ်ကျော်တည် ကားလမ်း တစ်ပေါင်းတည်းပါဝင်သော တံတား သံလွင်တံတား(မော်လမြိုင်)ကဲ့သို့ နှစ်လမ်းမောင်း တစ်လမ်းယှဉ်လျက် တည်ဆောက်မည်ဖြစ်သည်။ တ အရှည် ၉၃၈၂ပေနှင့် ရထားတံတားအရှည် ၁၀၃ အကျယ် ၂၈ပေ၊ ရထားလမ်း အကျယ် ၁၄ပေနှင့် သုံးပေစီ ပါဝင်မည်ဖြစ်သည်။

## ချိတ်ဆက်မိ

ဧရာဝတီမြစ်ကူးတံတား(ပခုက္ကူ)သည် ဧ ညောင်ဦးမြို့နယ် လက်ပံခြေပေါ်နှင့် အနောက်ဘ ဆက်သွယ်ဖောက်လုပ်ပေးမည့် တံတားကြီးဖြစ်ပြီး ကဲ့သို့ နှစ်လမ်းမောင်းကားလမ်းနှင့် မီးရထားလမ်း ဖြစ်သည်။ တံတားအရှည်မှာ ကားတံတား အရှည် အရှည် ၂၁၈၈၆ပေရှိပြီး ယာဉ်သွားလမ်းအကျယ် ၁၄ပေနှင့် လူသွားလမ်း တစ်ဖက် သုံးပေစီပါဝ အရှည်ဆုံးတံတားကြီးဖြစ်သည်။ တံတားကြီး တ နိုင်ငံတစ်ဝန်းလုံးသို့ ရထားလမ်းများ ချိတ်ဆက ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဖွံ့ ရည်ရွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆ သွားလာနိုင်မည်ဖြစ်သည်။

မုံးဟောင်-မုံးယား-မုံးကိုးဒေသများနှင့်လည်းကောင်း၊ လောက်ကိုင်-ကုန်းကြမ်း-မော်ထိုက်ဒေသများနှင့်လည်းကောင်း၊ ချင်းရွှေဟော်-ကွမ်းလုံ-သိန္နီဒေသများနှင့်လည်းကောင်း ဆက်သွယ်သွားလာမှု လျင်မြန်စွာ တိုးတက်လာမည်ဖြစ်သည်။

**အထောက်အကူပြု**

ထီလုံ-တာပေါင်-ပတ-နဘူး-အောက်ဗိုလ်တဲလမ်းပိုင်းသည် အရှည် ၅၇မိုင် ၆ ဖာလုံရှိပြီး ကရင်ပြည်နယ်ရှိ ဘားအံ-ကော့ကရိတ်-မြဝတီ လမ်း၏ လမ်းအူကြောင်းအသစ်ဖြစ်သည်။ အဆိုပါလမ်းကို ရာသီမရွေး သွားလာနိုင်သော လမ်းတာပေါင်အကျယ် ၃၄ပေနှင့် ၁၄ပေ အကျယ် အမာခံလမ်းအဖြစ်



**ဆောက်လုပ်ရေးဝန် ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်ခင် မောင် မြင့် ရှင်းလင်း တင်ပြစဉ်။**

(သတင်းစဉ်)

တိုးတက်တည်ဆောက်မည်ဖြစ်သည်။ တည်ဆောက်ပြီးစီးသည့်အခါတွင် သထုံ၊ မော်လမြိုင်၊ ဘားအံ၊ လှိုင်းဘွဲ၊ မြဝတီမြို့များနှင့် လမ်းပေါ်ရှိ ကျေးရွာများအကြား ဆက်သွယ်မှု ပိုမိုလွယ်ကူလျင်မြန်လာစေမည်ဖြစ်ပြီး ဒေသ၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ တိုးတက်လာစေမှုနှင့်အတူ ဒေသတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုကို အထောက်အကူပြုမည်ဖြစ်သည်။

**တစ်ပေါင်းတည်းပါဝင်**

ဧရာဝတီမြစ်ကူးတံတား(ညောင်တုန်း)သည် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့အတွင်း သွားလာဆက်သွယ်မှု ပိုမိုလွယ်ကူလျင်မြန်စေရန်အတွက် ဧရာဝတီမြစ်ကို ညောင်တုန်းမြို့အနီးမှ ဖြတ်ကျော်တည်ဆောက်မည့် ရထားလမ်းနှင့် ကားလမ်း တစ်ပေါင်းတည်းပါဝင်သော တံတားကြီးဖြစ်သည်။ တံတားကြီးကို သံလွင်တံတား(မော်လမြိုင်)ကဲ့သို့ နှစ်လမ်းမောင်းကားလမ်းနှင့် မီးရထားလမ်း တစ်လမ်းယှဉ်လျက် တည်ဆောက်မည်ဖြစ်သည်။ တံတားအရှည်မှာ ကားတံတားအရှည် ၉၃၈၂ပေနှင့် ရထားတံတားအရှည် ၁၀၃၇၇ပေရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ ရထားလမ်း အကျယ် ၁၄ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီ ပါဝင်မည်ဖြစ်သည်။

**ချိတ်ဆက်မိ**

ဧရာဝတီမြစ်ကူးတံတား(ပခုက္ကူ)သည် ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းရှိ ညောင်ဦးမြို့နယ် လက်ပံခြေပေါ်နှင့် အနောက်ဘက်ခြမ်းရှိ ပခုက္ကူမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ပေးမည့် တံတားကြီးဖြစ်ပြီး သံလွင်တံတား(မော်လမြိုင်)ကဲ့သို့ နှစ်လမ်းမောင်းကားလမ်းနှင့် မီးရထားလမ်း တစ်လမ်းပါဝင်မည့် တံတားဖြစ်သည်။ တံတားအရှည်မှာ ကားတံတား အရှည် ၁၄၁၉၁ပေနှင့် ရထားတံတားအရှည် ၂၁၈၈၆ပေရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ ရထားလမ်းအကျယ် ၁၄ပေနှင့် လူသွားလမ်း တစ်ဖက် သုံးပေစီပါဝင်မည်ဖြစ်ပြီး နိုင်ငံတော်၏ အရှည်ဆုံးတံတားကြီးဖြစ်သည်။ တံတားကြီး တည်ဆောက်ပြီးစီးပါက မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ရထားလမ်းများ ချိတ်ဆက်မိသွားမည်ဖြစ်သည့်အပြင် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် လွယ်ကူစွာ ဆက်စပ်သွားလာနိုင်မည်ဖြစ်သည်။

ဧရာဝတီမြစ်ကူးတံတား(မလွန်)သည် ဧရာဝတီမြစ်ကို ဖြတ်ကျော်၍ ပဋ္ဌနဂိုလ်နှင့် မလွန်မြို့အနီးတွင် တည်ဆောက်မည့် တံတားဖြစ်ပြီး ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ ပုသိမ်-ကြံခင်း-ပခုက္ကူ ရထားလမ်းနှင့် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းရှိ ပြည်-အောင်လံ-တောင်တွင်းကြီး-မကွေး-ချောက် ရထားလမ်းတို့ကို အလွယ်တကူ ဆက်သွယ်သွားလာနိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်မည်ဖြစ်သည်။ နှစ်လမ်းမောင်းကားလမ်းနှင့် ရထားလမ်း တစ်လမ်းယှဉ်လျက်ပါဝင်မည့် တံတားဖြစ်ပြီး ကားတံတားအရှည် ၄၆၉၅ပေ၊ ရထားတံတားအရှည်ပေ ၅၅၁၀၊ ကားလမ်းအကျယ် ၂၈ပေ၊ ရထားလမ်းအကျယ် ၁၄ပေနှင့် တစ်ဖက်လေးပေစီရှိသည့် လူသွားလမ်းတို့ ပါရှိမည်ဖြစ်သည်။

**ဧရာဝတီမြစ်ဖြတ်စီမံကိန်း**

ဧရာဝတီမြစ်ကူးတံတား(ရတနာသိင်္ဃ)ကို စစ်ကိုင်းတိုင်းမှ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်သို့ ဆက်သွယ်သွားလာမှု လွယ်ကူလျင်မြန်စေရန် ရည်ရွယ်၍ တည်ဆောက်မည်ဖြစ်ပြီး မန္တလေးတိုင်း စဉ့်ကူးမြို့နှင့် စစ်ကိုင်းတိုင်း ရွှေဘိုဒေသရှိ ကျောက်မြောင်းမြို့အနီးတွင် ဧရာဝတီမြစ်ကို ဖြတ်ကျော်တည်ဆောက်မည့် စီမံကိန်းကြီး ဖြစ်သည်။ တံတားအရှည် ၂၈၄၁ပေကျော်ရှိပြီး ၂၈ပေအကျယ် နှစ်လမ်းမောင်း ကားလမ်းနှင့် သုံးပေ လူသွားလမ်းတို့ ပါဝင်မည်ဖြစ်သည်။

**ရှေးယခင်က ဧရာဝတီမြစ်ကူးတံတားအဖြစ် အင်းဝတံတားတစ်ခုသာရှိခဲ့ရာမှ ၁၉၈၈ခုနှစ်မှ ယနေ့အထိ ဧရာဝတီမြစ်ကူးတံတားသစ်ကြီး ရှစ်စင်းကို ကြိုးပမ်းတည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သည်။ ယခုအခါ ဧရာဝတီမြစ်ကူးတံတားသစ်ကြီးများဖြစ်သည့် စင်းခန်းတံတား၊ ပခုက္ကူတံတား၊ မလွန်တံတား၊ ညောင်တုန်းတံတားနှင့် ရတနာသိင်္ဃတံတားဟူသည့် တံတားသစ်ကြီး ငါးစင်းကို တစ်ပြိုင်တည်း ထပ်မံတည်ဆောက်လျက်ရှိရာ စီမံကိန်းများ ပြီးစီးပါက ဧရာဝတီမြစ်ကူးတံတားသစ်ကြီး စုစုပေါင်း ၁၃စင်း ရှိလာမည်ဖြစ်သည်။**

ပဲခွယ်ကုန်း-ကျောက်ကြီးလမ်းသည် စစ်တောင်းမြစ် အနောက်ဘက်ကမ်းရှိ ရန်ကုန် - တောင်ငူ - မန္တလေးလမ်းမကြီးနှင့် အရှေ့ဘက်ကမ်းရှိ တောင်ငူ - စစ်တောင်း - မုပ္ပလင်လမ်းတို့ကို ဆက်သွယ်ထားသည့် လမ်းဖြစ်သည်။

**ရှေးယခင်က ဧရာဝတီမြစ်ကူးတံတားအဖြစ် အင်းဝတံတားတစ်ခုသာရှိခဲ့ရာမှ ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ဧရာဝတီမြစ်ကူးတံတားသစ်ကြီး ရှစ်စင်းကို ကြိုးပမ်းတည်ဆောက်ပြီးစီးခဲ့ပြီ။ ယခုအခါ ဧရာဝတီ မြစ်ကူးတံတားသစ်ကြီးများဖြစ်သည့် စင်းခန်းတံတား၊ ပခုက္ကူတံတား၊ မလွန်တံတား၊ ညောင်တုန်းတံတားနှင့် ရတနာသိင်္ဃတံတားဟူသည့် တံတားသစ်ကြီး ငါးစင်းကို တစ်ပြိုင်တည်း ထပ်မံတည်ဆောက်လျက်ရှိရာ စီမံကိန်းများပြီးစီးပါက ဧရာဝတီမြစ်ကူးတံတားသစ်ကြီး စုစုပေါင်း ၁၃စင်း ရှိလာမည်။**



လမ်းပေါ်၌ စစ်တောင်းမြစ်ကို ဖြတ်ကျော်ရန် အမြဲတမ်းတံတားမရှိဘဲ နှစ်စဉ်နွေရာသီတွင် ရေနိမ့်ဘေလီ ယာယီတံတား တည်ဆောက်ရပြီး မိုးရာသီတွင် ပြန်လည်ဖျက်သိမ်းရသဖြင့် လမ်းပန်းဆက်သွယ်မှု ခက်ခဲလျက်ရှိသည်။ စစ်တောင်းမြစ်ကို ရာသီမရွေး အမြဲတမ်းဖြတ်ကျော်သွားလာနိုင်ရန်အတွက် ယခုအခါ သံကူကွန်ကရစ်တံတား အမျိုးအစား ဖြစ်သည့် စစ်တောင်းတံတား (နတ်သံကွင်း)ကို တည်ဆောက်မည်ဖြစ်သည်။ တံတားအရှည်ပေ ၇၂၀ရှိပြီး ၂၄ပေအကျယ်ရှိ ယာဉ်သွားလမ်းနှင့် တစ်ဖက်လျှင် သုံးပေစီရှိသည့် လူသွားလမ်းတို့ ပါဝင်မည်ဖြစ်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်၌ စစ်တောင်းမြစ်ကူး ရွှေကျင်-မဒေါက်တံတားနှင့် မုပ္ပလင် စစ်တောင်းတံတားတို့ကို တည်ဆောက်ခဲ့ပြီးဖြစ်သည်။

**တာယာနှင့်ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)**

**မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)ကို ယခုနှစ် ဖေဖော်ဝါရီလက ဖွင့်လှစ်ပေးခဲ့ပြီး ဤစက်ရုံမှ လူစီးမော်တော်ယာဉ် တာယာအမျိုးအစား ၁၁မျိုးကို တစ်နှစ်လျှင် အလုံးရေ သုံးသိန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။**

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

**ဧရာဝတီတံတား (စင်းခန်း)**

လမ်းပန်းဆက်သွယ်မှု ပိုမိုချောမွေ့လွယ်ကူစေရန် နှစ်လမ်းမောင်း ကားလမ်းနှင့် မီးရထားလမ်း တစ်လမ်း ယှဉ်တွဲပါရှိသော ဧရာဝတီမြစ်ဖြတ် ဧရာဝတီတံတား (စင်းခန်း)ကို စစ်ကိုင်းတိုင်း ကသာခရိုင်၌ မြန်မာအင်ဂျင်နီယာများ စွမ်းပကားဖြင့် စက်ယန္တရားကြီးများအသုံးပြုကာ ဤသို့ အားကြိုးမာန်တက် တည်ဆောက်လျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

**လွယ်ကူလျင်မြန်**

ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဘားအံ-မြဝတီကားလမ်းမကြီးပေါ်တွင်ရှိသော ဂျိုင်းမြစ်ကူး(ကော့ကရိတ်) ကြိုးတံတားမှာ တံတားသက်တမ်းကြာမြင့်လာပြီး တံတားခံနိုင်ဝန် ကျဆင်းလာသဖြင့် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေရေးအတွက် ယာဉ်တစ်စီးချင်း ခံနိုင်ဝန် တန် ၆၀ရှိသည့် ဂျိုင်းမြစ်ကူး (ကော့ကရိတ်)တံတားအသစ်ကို တည်ဆောက်မည်ဖြစ်သည်။ တံတားမှာ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး ၂၄ပေအကျယ်ရှိ ယာဉ်သွားလမ်းနှင့် တစ်ဖက် သုံးပေစီရှိသည့် လူသွားလမ်းများ ပါဝင်မည်ဖြစ်သည်။

ဧရာဝတီတိုင်း ဖျာပုံခရိုင်ရှိ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်းကို ရာသီမရွေး သွားလာနိုင်ရန် ဘိုကလေးမြစ်ကိုဖြတ်၍ တံတားအသစ်တစ်စင်း တည်ဆောက်မည်ဖြစ်ပြီး တံတားအရှည်မှာ ၂၂၂၆ပေကျော်ရှိမည် ဖြစ်သည်။

**ရည်ရွယ်တည်ဆောက်**

ကချင်ပြည်နယ် ပူတာအိုခရိုင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ မူလာရှီးဒီးဂျစ်ကားကူး ကြိုးတံတားအစား ရာသီမရွေး မော်တော်ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်မည့် အမြဲတမ်း ကွန်ကရစ်တံတားသစ်တစ်စင်း တည်ဆောက်မည်ဖြစ်သည်။ မူလာရှီးဒီးတံတားသစ်သည် အလျားပေ ၅၆၀ခန့်ရှိမည်ဖြစ်ပြီး နောင်တွင် နှစ်လမ်းသွား တံတားအဖြစ် ရည်ရွယ်တည်ဆောက်သွားမည် ဖြစ်သည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ထိန်းသိမ်းသော လမ်းအရှည်မိုင်မှာ ၁၉၈၈ခုနှစ်တွင် ၁၃၆၃၅မိုင်ရှိပြီး ယခုအခါ လမ်းမိုင် ၇၇၂၆မိုင်ကျော် တိုးချဲ့တည်ဆောက်နိုင်ခဲ့၍ လမ်းအရှည်မိုင်စုစုပေါင်း ၂၁၃၆၁ မိုင်ကျော်ရှိပြီဖြစ်သည်။ လက်ရှိတည်ဆောက်လျက်ရှိသော လမ်းစီမံကိန်းပေါင်း ၄၅ခု၊ တည်ဆောက်ဆဲ တံတားစီမံကိန်း ၁၀ခုရှိပြီး တည်ဆောက်ပြီးသော ပေ ၁၈၀အထက် တံတားပေါင်း ၂၃၆စင်းရှိသည်။**

**အကောင်အထည်ဖော်**

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ ဝန်ကြီးများက မိမိတို့ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၀) ညှိနှိုင်းအစည်းအဝေးတွင် တင်ပြသွားသည့် ဝန်ကြီးဌာနများ၏ ရှင်းလင်းတင်ပြချက်များကို ဆက်လက်ဖော်ပြသွားပါမည်။

**(သတင်းစဉ်)**





ဘီးလင်းမြို့နယ် ကေလာသတောင် ကေလာသဆံတော်ရှင် ရင်ပြင်တော်၌ ရဟန်းလောင်း ၂၅၅၅ပါးအား ရှင်ပြုပွဲ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

# ဆံတော်ရှင် စေတီတော်များ ဘက်စုံပြုပြင် မွမ်းမံခြင်းအောင်ပွဲနှင့် ရှင် ၂၅၅၅ ပါး ရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနားများ ကျင်းပ

နေပြည်တော် မတ် ၅

**ကျိုက်ထီးဆောင်းဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပအား ဦးထိပ်ထား၍ ကလေးဝတောရ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကရေ ဒွိပိဋကကောဝိဒ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ကြီးကြပ်မှုဖြင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာဂဒီပနှင့် သက်ဆိုင်ရာ တိုင်းနှင့်မြို့နယ် သံဃနာယကဆရာတော်များ ပူးပေါင်းဆောင်ရွက်သည့် ဆံတော်ရှင် စေတီတော်များ ဘက်စုံပြုပြင် မွမ်းမံခြင်းအောင်ပွဲအခမ်းအနားနှင့် သာသနာနှစ် ၂၅၅၅အထိမ်းအမှတ် ရှင် ၂၅၅၅ ပါး ရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနား၏ အကြိုပရိကမ္မမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၄ နာရီက မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ ကေလာသတောင်၌ ကျင်းပသည်။**

ရှေးဦးစွာ ကျိုက်ထီးဆောင်း သာသနာပြု အကျိုးတော်ဆောင်ချုပ် ဘဒ္ဒန္တနာဂဒီပက ရဟန်းလောင်းများအား ဆောင်ရန်၊ ရှောင်ရန် အချက်များနှင့်စပ်လျဉ်း၍ ဩဝါဒစကား မြွက်ကြားတော်မူပြီး ကေလာသဆံတော်ရှင်ရင်ပြင်ရှိ သက်တော်ရှည် ညောင်ဗုဒ္ဓဟောပင်ကြီးအောက်၌ ကျိုက်ထီးဆောင်း ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပနှင့် ကလေးဝတောရ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကရေ ဒွိပိဋကကောဝိဒ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇာဂရာဘိဝံသတို့က တရားဒေသနာတော်များကို ဟောကြားတော်မူကြသည်။

## သီလခံယူ

မွန်ပြည်နယ် ဘီးလင်းမြို့နယ် သာသနာအစ ကေလာသ စေတီတော်မြတ်ကြီးအား ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်အသစ်များ တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၈နာရီတွင်ကျင်းပရာ ကျိုက်ထီးဆောင်း သာသနာပြုအကျိုးတော်ဆောင်ချုပ် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာဂဒီပထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြပြီး ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩဘာသာဘိဝံသထံမှ ဩဝါဒကထာ နာယူကြသည်။

## လှူဒါန်း

ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး အလှူရှင် ဒေါက်တာခင်ရွှေမိသားစုနှင့် တာဝန်ရှိသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပရိသတ်တို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

## လှည့်လည်ပူဇော်

ထို့နောက် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံ၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ပြီး စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြသည်။ မွန်းလွဲပိုင်းတွင် ကေလာသဆံတော်ရှင် ရင်ပြင်တော်ရှိ သက်တော်ရှည် ညောင်ဗုဒ္ဓဟောပင်ကြီးကို ဇာပိုပြု၍ ဆရာတော်ကြီးများက ရဟန်းလောင်း ၂၅၅၅ ပါးတို့အား ရှင်ပြုပွဲအခမ်းအနား ကျင်းပသည်။

သုဝဏ္ဏဘူမိ ဆကေသဓာတုဝင် ဆံတော်ရှင် ခြောက်ဆူတို့အား ပြန်လည်ဖွင့်ဖော် မွမ်းမံတည်ဆောက်ခြင်း အောင်ပွဲနှင့် တကွ မဟာဓာတုဝင်ဆံတော်ရှင် ခြောက်ဆူတို့အား ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ခြင်း အောင်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၈ နာရီတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာ ကျိုက်ထီးဆောင်း ဆံတော်ရှင် ပရိဝုဏ်၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အလှူရှင် မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနနုဂ္ဂဟအသင်းကြီး၏ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာခင်ရွှေနှင့်ဇနီး ဒေါ်စန်းစန်းကြွယ် (ဇေကမ္ဘာကုမ္ပဏီလီမိတက်မိသားစု)၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဧည့်သည်များ တက်ရောက်ကြည်ညိုကြသည်။

ယင်းနောက် ကျိုက်ထီးဆောင်း ဆရာတော်၏ သာသနိကအဆောက်အအုံများ၊ ရုပ်ပွားတော်များအား ရေစင်တော်ဖွင့်ပြီး သံဃာတော်အပါး ၃၀၀၀ ကျော်တို့အား ဆွမ်းဆန်တော်များ ကပ်လှူကြသည်။

ဆက်လက်၍ ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပ အမှူးပြုသော ဆရာတော်ငါးပါးတို့အား သိက္ခာတော်ထပ် မင်္ဂလာအခမ်းအနားကျင်းပသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က သာသနာရေးဆိုင်ရာများကို လျှောက်ထားကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

## လျှောက်ထား

ထို့နောက် အလှူရှင် ဒေါက်တာခင်ရွှေက ပစ္စည်းလေးပါး ဒါယကာအဖြစ် ခံယူကြောင်း လျှောက်ထားပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့နေ မေချီစံစနီး (Mae Chee Sansanee Sthirasuta) အား မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရခြင်းအတွက် ဂုဏ်ပြုပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အလှူတော်မင်္ဂလာအခမ်းအနားကို မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်တောင်၌ မတ် ၁ ရက်တွင်လည်းကောင်း၊ ဘီးလင်းမြို့နယ် သံဃနာယကကျောင်း (စစ်ကိုင်းကျောင်း)၌ မတ် ၂ ရက်တွင် လည်းကောင်း ကျင်းပခဲ့သည်။

## ကျင်းပခဲ့

ဆံတော်ရှင် စေတီတော်များ ဘက်စုံပြုပြင်မွမ်းမံခြင်းအောင်ပွဲ အခမ်းအနားနှင့် သာသနာနှစ် ၂၅၅၅အထိမ်းအမှတ် ရှင် ၂၅၅၅ပါး ရဟန်းခံ၊ အလှူတော်မင်္ဂလာ အခမ်းအနားကို ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် မင်္ဂလာဒုံဥယျာဉ် မြို့တော်ရှိ အောင်မင်္ဂလာမဟာသိမ်တော်ကြီး၌ မတ် ၃ ရက် နံနက် ၈ နာရီတွင် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာရေး ဆွေးနွေး

ရန်ကုန် မတ် ၅

ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖေဖော်ဝါရီ ၂၃ရက်က ဇေယျာသီရိရပ်ကွက် ထာဝရ မိတ်ဆွေစာကြည့်တိုက်နှင့် ၂၄ရက်၌ သဘော်ကျင်းရပ်ကွက် ပညာ့အလင်းရောင် စာကြည့်တိုက်တွင် စာကြည့်တိုက် ရေရှည် ရှင်သန်ခိုင်မာရေးအတွက် စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံ ဆွေးနွေးသည်။

ဆွေးနွေးပွဲ၌ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က စာကြည့်တိုက်များ စံ(၅)ချက်နှင့်ပြည့်စုံရေး၊ စာငှားကတ်စနစ် ကျင့်သုံးရေးကို ဆွေးနွေးသည်။ ထို့နောက် ဇေယျာသီရိရပ်ကွက် စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းအောင်နှင့် သဘော်ကျင်းရပ်ကွက် စာကြည့်တိုက် ကော်မတီအတွင်းရေးမှူး ဦးမြင့်သိန်းတို့က ကျေးဇူးတင်စကား ပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

# မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကောင်းမြတ်သူ ရှာဖွေတင်ပြသည်



*ဆစ်ဒနီ မတ် ၅*

***စစ်သူကြီးအဖြစ် ထင်ရှားကျော်ကြားခဲ့သည့် နပိုလီယန်ဘိုနာပတ်၏ ဆံခြည်မျှင်များကို ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ နှစ်ပေါင်း ၁၃၀ကျော်ရှိပြီဖြစ်သော အဆောက်အအုံကို ရှင်းလင်းစဉ် လျှို့ဝှက်ဆန်းကြယ်စွာ တွေ့ရှိခဲ့သည်ဟုဆိုသည်။***

*သိမ်းထား*

*ယင်းဆံခြည်မျှင်များကို ဆစ်ဒနီမြို့တော်ခန်းမ အဆောက်အအုံတစ်ခု၌ သေတ္တာငယ်တစ်လုံးအတွင်း သားရေအိတ်ဖြင့်ထည့်ကာ သိမ်းဆည်းထားခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ၄င်းဆံခြည်မျှင်များကို မည်သူက မည်သည့်အချိန် မည်သို့သော အကြောင်းကြောင့် သိမ်းထားခဲ့သည်ကို မသိရချေ။ (အပေါ်ပုံ)*

*အံ့သြဖွယ်ရာ*

*စစ်သူကြီးနပိုလီယန်သည် စိန့်ဟယ်လင်နာ၌ ၁၈၂၁ ခုနှစ်က အသက် ၅၁ နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့သည်။ ၄င်းကွယ်လွန်ရာ အရပ်နှင့် ဆစ်ဒနီမြို့မှာ မိုင်ပေါင်း ၈၀၈၀ ကွာဝေးသည်။ သို့သော် ၄င်း၏ ဆံခြည်မျှင်များမှာ ဆစ်ဒနီ၌ တွေ့ရှိခဲ့၍ အံ့သြဖွယ်ရာပင်ဖြစ်သည်။ (အင်တာနက်)*

# ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ နှိုးဆော်ချက်

နေပြည်တော် မတ် ၅

၁။ **ကမ္ဘာတစ်ဝန်းဖြစ်ပွားမှု။** ၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် မတ်၄ရက်အထိ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော နိုင်ငံပေါင်း (၆၂)နိုင်ငံရှိသည့်အနက် နိုင်ငံ (၁၅)နိုင်ငံတွင် လူသို့ကူးစက်မှု ၄၈၆ဦးရှိပြီး ၂၈၇ဦး သေဆုံးကြောင်း သိရှိရသည်။

၂။ **မြန်မာနိုင်ငံတွင် ဖြစ်ပွားမှု။** ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်၊ မတ်လတွင် စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်တို့၌ ကြက်ငှက်တုပ်ကွေးရောဂါ တစ်ကျော့ပြန်လည်ဖြစ်ပွားသဖြင့် ရောဂါထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

၃။ **ရောဂါကာကွယ်ထိန်းချုပ်ရေး။** အောက်ပါအချက်များကို ပူးပေါင်းလိုက်နာ ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံး စသည့် ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြု ဆောင်ရွက်ရန်၊

(ခ) မွေးမြူထားသော ကြက်၊ ဘဲ၊ ငုံး စသည့် ကြက်ငှက်များကို စာကလေး၊ ကျီးကန်း၊ ခို၊ ဆက်ရက် အပါအဝင် ငှက်ရိုင်းများနှင့် ထိတွေ့မှုမရှိရေး စီမံဆောင်ရွက်ရန်၊

(ဂ) ရောဂါဖြစ်ပွားသည့် ကြက်ငှက်များနှင့် ၄င်းကြက်ငှက်ထွက်ပစ္စည်းများကို ရောင်းချခြင်း၊ စားသုံးခြင်း၊ ကြက် ငှက်အသေကောင်များ၊ ကြက်ငှက်စွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုဘဲ စနစ်တကျ မြေမြှုပ် ဖျက်ဆီးရန်၊

(ဃ) ကြက်ခြံအတွင်းသို့ ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊ ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း ကြက်ခြံမှထွက်သည့် အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(င) ကြက်ငှက်အသား၊ ဥနှင့် ကြက်ငှက် ထွက်ပစ္စည်းများကို ကျက်အောင် ချက်ပြုတ်စားသုံးရန်၊

(စ) ကြက်ငှက်များ သေဆုံးကြောင်း သိရှိပါက နီးစပ်ရာဒေသ အာဏာပိုင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ ချက်ချင်း သတင်းပေးပို့ရန်၊

(ဆ) ရောဂါစုံစမ်းရှာဖွေခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန။**



# မီးဘေးကြိုတင်ကာကွယ်

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၆/အနောက်ရပ်ကွက်တွင် ဖေဖော်ဝါရီ ၂၈ရက်က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးသတိမူရေး၊ မီးကိုစနစ်တကျ သုံးစွဲတတ်ရေးတို့အတွက် ပညာပေးဟောပြောခြင်းနှင့် တစ်အိမ်တက်ဆင်း မီးစစ်ဆေးခြင်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦး၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးရီဝင်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြစဉ်။ (မြို့နယ်မီးသတ်)

# ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

နေပြည်တော် မတ် ၅

၁။ **ကြက်သေဆုံးမှု။** စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် သရက်ကန်ကျေးရွာတွင် မွေးမြူထားသော ဥစားကြက်အချို့ သံသယဖြစ်ဖွယ် သေဆုံးကြောင်း သတင်းရရှိသဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက မတ် ၁ ရက်၌ ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

၂။ **ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု အတည်ပြုခြင်း။** ဓာတ်ခွဲနမူနာပစ္စည်းများကို မန္တလေးနှင့် ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများတွင် စစ်ဆေးရာ အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါ (Highly Pathogenic Avian Influenza HPAI) ဖြစ်ကြောင်း အတည်ပြုခဲ့သည်။ ယင်းသို့ စစ်ဆေးတွေ့ရှိချက်ကို ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(FAO)၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)နှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများသို့ အသိပေး အကြောင်းကြားပြီးဖြစ်သည်။

၃။ **အရေးယူဆောင်ရွက်ချက်။** ရောဂါဖြစ်ပွားသော ကြက်ခြံများမှ ကြက်များ၊ ကြက်ဥများကို မတ် ၂ရက်မှစ၍ သုတ်သင်ဖျက်ဆီးခဲ့ပြီး ရောဂါထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန။**

**ညနေပိုင်း ထမင်း/ဟင်း ချက်ချိန်၊ မီးသတိပေး နှိုးဆော်ချက်**

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်း မပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူး သတိပြုသုံးစွဲရန်။

# ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့အား ဗီယက်နမ်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

နေပြည်တော် မတ် ၅

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Cao Duc Phat သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chu Choung Phung နှင့်အတူ ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။**

## ပူးပေါင်းဆောင်ရွက်

ထို့နောက် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ဦးဆောင်သော ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Cao Duc Phat ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့သည် လယ်ယာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

## တိုးတက်မြင့်မားရေး

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆောင်ရွက်ချက်များနှင့် လယ်ယာကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံနိုင်မှု အခြေအနေများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဝန်ကြီး၊ သံအမတ်ကြီးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ ကုမ္ပဏီဥက္ကဋ္ဌ Mr.Le Quang Thung တို့က ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်း၌ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် လယ်ယာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရှင်းလင်းပြောကြားကြသည်။

## တွေ့ဆုံ

ထို့နောက် ဗီယက်နမ်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၁နာရီခွဲတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံးသို့ သွားရောက်ပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းအား တွေ့ဆုံသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဝန်ကြီးဌာနရှိဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် ခန်းမဆောင်၌ ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုနှင့် ငါး၊ ပုစွန် ဖမ်းဆီးမှုအတွက် သားငါးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှု ကိစ္စရပ်များကို ဆွေးနွေးကြသည်။

## ကြည့်ရှုလေ့လာ

မွန်းလွဲပိုင်းတွင် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လာရောက်တွေ့ဆုံ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Cao Duc Phat နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)



### * ကျောဖုံးမှ

## ကြိုဆိုနှုတ်ခွန်းဆက်

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို တပ်မတော်ခန်းမရှေ့၌ကျင်းပရာ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

## ဖဲကြိုးဖြတ်

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌတို့က ပြပွဲကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

## စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ပြပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်များနှင့်အတူ ပြပွဲအတွင်း လှည့်လည်ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လောက်ကိုင်-ကုန်းကြမ်းလမ်း တိုးချဲ့ပြုပြင်မှု ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၅

**ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၂၇ရက် နံနက် ၁၁နာရီက လောက်ကိုင်- ကုန်းကြမ်းလမ်း တိုးချဲ့ပြုပြင်ခြင်း လုပ်ငန်းများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။**

## ရှင်းလင်းတင်ပြ

ထို့နောက် ရှင်းလင်းဆောင်၌ လမ်းတည်ဆောက်ရေး တာဝန်ခံ ဒုတိယဗိုလ်မှူးကြီးတင်မောင်ခိုင်က လောက်ကိုင်-ကုန်းကြမ်း လမ်းအပိုင်း ၄၂မိုင် တိုးချဲ့ပြုပြင်ခြင်း၊ စက်ယာဉ်ယန္တရားများ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးသည် လောက်ကိုင်-ကုန်းကြမ်းလမ်းအပိုင်းတွင် စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ လမ်းမျက်နှာပြင် ညှိကြိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

## လမ်းချဲ့ဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် ကုန်းကြမ်းမြို့မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး ကုန်းကြမ်း-မော်ထိုက်လမ်း ယာယီရှင်းလင်းဆောင်၌ လမ်းတည်ဆောက်ရေးတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး တင်မောင်ခိုင်က ကုန်းကြမ်း- မော်ထိုက်လမ်းသည် ၆၈မိုင် တိုးချဲ့ပြုပြင်မှု၊ ၁၈ပေ အကျယ် လမ်းချဲ့ဆောင်ရွက်မှုနှင့် လမ်းအကျယ် ၃၄ပေအထိ ချဲ့ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ၁၂မိုင် ၅ဖာလုံ ဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

## ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဝန်ကြီးက လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးပြီးစီးရေး၊ အရေးကြီးသည့် လမ်းအပိုင်းများကို ဦးစားပေးဆောင်ရွက်ရေး မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ကုန်းကြမ်း-မော်ထိုက်လမ်းကို ၃၄ပေအကျယ် လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၅

**မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့သစ်ရှိ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များ အသင်းရုံး၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။**

ထို့နောက် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များ အသင်းရုံး(နေပြည်တော်) အဆောက်အအုံဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များ အသင်းဝင်ကုမ္ပဏီ ၃၅ခုတို့မှ လှူဒါန်းငွေကျပ်စုစုပေါင်း ၄၃၀၇ သိန်းကို မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကြည်စိန်က ပေးအပ်ရာ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က လက်ခံ၍ မှတ်တမ်းတင်ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးစိန်လွင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်တို့က အမှာစကားပြောကြားကြပြီး အကျိုးဆောင် ဘဏ္ဍာရေးမှူး ဦးထွန်းလွင်က အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းတို့ကိုလည်းကောင်း၊ အသင်းရုံးဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်သန်းက လည်းကောင်း၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း အမည် အင်္ဂလိပ်စာသား အသုံးအနှုန်း ပြင်ဆင်ရန်အတွက် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၏ နိုင်ငံတကာရေးရာကော်မတီဥက္ကဋ္ဌဒေါက်တာမျိုးသက်ကလည်းကောင်း ရှင်းလင်းတင်ပြကြကာ နံနက် ၁၀နာရီခွဲတွင် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြောက်ပိုင်းဒေသများ၌ မိုးဆက်လက်ရွာဖွယ်

နေပြည်တော် မတ် ၅

<u>ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ဝဒသမ ၂၀ လက်မနှင့် ပူတာအိုမြို့တွင် ဝဒသမ ၁၂လက်မတို့ ဖြစ်ကြသည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

<u>မတ် ၆ရက်ညနေအထိ ခန့်မှန်းချက်မှာ</u> ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> လှိုင်းအနည်းငယ်သာရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ရွာနိုင်သည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်</u> ယနေ့ သာယာမည်။

<u>ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်</u> ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

<u>မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်</u> ယနေ့ သာယာမည်။

<u>မတ်လ ဒုတိယ ရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ</u> လာမည့်သီတင်းပတ်ကုန် ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် သာယာမည်။

# (၆၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

*နေပြည်တော် မတ် ၅*

*၂၀၁၀ ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၈)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲကို ဒုတိယနေ့အဖြစ် ယနေ့နံနက် ၆နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၇)တည်းခိုရေးစခန်း(ရွာတော်)၌ ဆက်လက်ကျင်းပရာ စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မင်းဇော်၊ စစ်တီးဝိုင်း ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိစစ်သည်များ တက်ရောက်ကြသည်။*

*<u>ဝင်ရောက်ယှဉ်ပြိုင်</u>*

*ယင်းပြိုင်ပွဲတွင် အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁) အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)*

# အင်အားပြင်းငလျင်လှုပ်

နေပြည်တော် မတ် ၅

၂၀၁၀ခုနှစ် မတ် ၅ရက် မြန်မာစံတော်ချိန် ၂၂နာရီ ၄၁မိနစ် ၄၁ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် မိုင် ၁၅၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ(အင်ဒိုနီးရှားနိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၅ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။ (သတင်းစဉ်)

**အဖျက်မီးရန် စဉ်တွန်းလှန် မြန်ပြည်အေးချမ်းမည်**

# ဂရိအတွေးအခေါ်ပညာရှင်ကြီး ဆိုကရေးတီး ၄၆၉ - ၃၉၉ ဘီစီ

ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ

တိုး-ရေးသားသည်

**ဂရိအတွေးအခေါ်ပညာရှင်ကြီး ဆိုကရေးတီးသည် အနောက်တိုင်းဒဿနအမြင်ကို အခြေခံအုတ်မြစ်ချပေးခဲ့သူအဖြစ် ဝိုင်းဝန်းဂုဏ်ပြု မှတ်တမ်းတင်ခံရသည့် ပုဂ္ဂိုလ်ဖြစ်သည်။**

နောင်တစ်ချိန်တွင် ဂရိအတွေးအခေါ်ပညာရှင်ကြီး ဖြစ်လာမည့် ဆိုကရေးတီးကို ဖခင်ပန်းပုဆရာကြီး ဆိုဖရိုနစ်ကပ်နှင့် မိခင်ဝမ်းဆွဲဆရာမကြီး ဖေနာရက်တို့မှ ဘီစီ ၄၆၉ခုနှစ်တွင် အေသင်မြို့၌ မွေးဖွားခဲ့သည်။ ဆိုကရေးတီးသည် ဇစ်ပီနှင့်လက်ထပ်ပြီး လမ်ပရိုကလက်၊ ဆိုဖရိုနစ်ကပ်နှင့် မဲနီဇီးနပ်ဆိုသော သားသုံးဦး ထွန်းကားသည်။ ဆိုကရေးတီးကွယ်လွန်ချိန်တွင် သားသုံးဦးမှာ အရွယ်မရောက်သေးချေ။

### အထူးအလေးထား

ဂရိနိုင်ငံ၌ လူပြိန်းကြိုက်ဝါဒီများ ကြီးစိုးချိန်တွင် နိုင်ငံရေး၌လည်းကောင်း၊ ကိုယ်ကျင့်တရား၌လည်းကောင်း လူများအကျင့်ပျက်နေသည်ကို ဆိုကရေးတီး စိတ်ပျက်ဖွယ် တွေ့ကြုံခဲ့ရသည်။ ယင်းကြောင့်ပင် လူတို့၏အသိဉာဏ်ရင့်သန်စေရေး၊ ဆင်ခြင်တုံတရားရှိရေး တို့ကို ဆိုကရေးတီးက အထူးအလေးထား ဟောပြောသည်။

### အမှန်သဘောတရား

သူသည် မည်မည်ရရ ကျမ်းစာများမပြုစုခဲ့ပေ။ သို့သော် အချိန်ပြည့်ဆိုသကဲ့သို့ပင် အရပ်လေးမျက်နှာ လှည့်လည်လျက် လမ်းဆုံလမ်းခွတို့တွင် မတ်တတ်ရပ်ကာ အမှန်သဘောတရားများကို ဆွေးနွေးလေ့ရှိသည်။

ဆိုကရေးတီးသည် ဉာဏ်ပညာ အမြော်အမြင်ကြီးမားသည့်အပြင် ရိုးသားတည်ကြည်ခြင်းနှင့် ပြည့်စုံသည့်အတွက် မကြာခဏဆိုသလို လူကုံထံနှင့် သူကောင်းမျိုးတို့က အိမ်သို့ဖိတ်ကြား၍ တရားဆွေးနွေးစေသည်။

### ပညာအရှိဆုံး

ဆိုကရေးတီး၏ ဂုဏ်သတင်းသည် ဂရိနိုင်ငံတစ်ဝန်းလုံး ကျော်ကြားလျက် လောကတွင် ပညာအရှိဆုံးဖြစ်သည်ဟု လူတိုင်းက ယူဆလာကြသည်။

ဆိုကရေးတီးကမူ လူတိုင်းဗဟုသုတကြွယ်ဝတတ်သိစေချင်ပြီး ကိုယ့်ကိုယ်ကို နှိမ့်ချသူဖြစ်သည့် အားလျော်စွာ တပည့်တပန်းများအား ဟောပြောလေ့ရှိသည့် ၎င်း၏ လက်သုံးစကားမှာ-

**"ငါသိတာဆိုလို့ တစ်ခုပဲရှိတယ်။ အဲဒါကတော့ ငါဘာကိုမှ မသိသေးဘူးဆိုတဲ့ အချက်ပဲဖြစ်တယ်။ ငါဟာအသိပညာကို ရှာဖွေနေတဲ့လူပါ။လူတိုင်းလည်း ကိုယ့်ကိုယ်ကို သိအောင်လုပ်ကြပါ"** ဟူ၍ ဖြစ်သည်။



### ဖမ်းဆီး

ဆိုကရေးတီးသည် လူပြိန်းကြိုက်ဝါဒီများကို ရှုတ်ချသည်။ ထို့ကြောင့်ပင်လျှင် ၎င်းအား အာဏာပိုင်များက ဖမ်းဆီး၍ ရုံးတင်သည်။

လူငယ်လူရွယ်များကို အကျင့်စာရိတ္တ ပျက်စီးအောင်လုပ်သည်။ ဘုရား၊တရားအကြည်ညိုပျက်အောင် လှုံ့ဆော်သည်ဟု ဆိုကရေးတီးအား စွဲချက်တင်သည်။ အမှားကို ဝန်ချခိုင်းသည်။

### နှစ်ခြမ်းကွဲ

ဂရိနိုင်ငံတွင် ပလေတိုကဲ့သို့သော ၎င်းကို အစဉ်ချစ်ခင်၍ သစ္စာရှိသည့် တပည့်အများအပြားရှိသကဲ့သို့ ရှုတ်ချ ပုတ်ခတ်သူများလည်းရှိသည်။ ဆိုကရေးတီးနှင့်ပတ်သက်လျှင် ချီးကျူးထောမနာပြုသူများက တစ်ဖက်၊ ဝေဖန်ရှုတ်ချသူများကတစ်ဖက် ဂရိလူ့ဘောင်မှာ နှစ်ခြမ်းကွဲခဲ့သည်။

### သတ္တိအပြည့်

အဖမ်းခံရသောအခါ အကျဉ်းမှ ထွက်ပြေးလွတ်မြောက်အောင် တပည့်တပန်းများက ကြံဆောင်နိုင်ကြပါ၏။ ဝိုင်းဝန်းတိုက်တွန်းကြသည်လည်း ရှိပါ၏။ သို့သော် ဆိုကရေးတီးသည် အမှန်တရားအတွက်ရင်ဆိုင်ရန် သတ္တိအပြည့်ရှိသူ ဖြစ်သည်။ ရာဇဝင် အရှိင်းမခံ။

သူသည် တရားခွင်သို့တက်၍ အပြစ်မရှိကြောင်း ပြောင်မြောက်သောစကားလုံးများဖြင့် လျှောက်လဲချက်ပေးသည်။ သို့ရာတွင် တရားရုံးကသူ့ကို သေဒဏ်ပေးလိုက်သည်။

ဆိုကရေးတီးသည် အမှန်တရားကို အသက်ဖြင့်လဲကာ ထုံးတမ်းစဉ်လာအရ အသက် (၇၀)အရွယ်တွင် အဆိပ်ခွက်ကိုမော့သောက်ကာ အသက်အသေခံသွားခဲ့တော့သည်။ ။

**ကိုးကား-အင်တာနက်**

**"ငါသိတာဆိုလို့ တစ်ခုပဲရှိတယ်။ အဲဒါကတော့ ငါဘာကိုမှ မသိသေးဘူး ဆိုတဲ့ အချက်ပဲဖြစ်တယ်။ ငါဟာအသိပညာကို ရှာဖွေနေတဲ့ လူပါ။ လူတိုင်း လည်း ကိုယ့်ကိုယ်ကို သိအောင်လုပ်ကြပါ" ဟူ၍ ဖြစ်။**

# ဘဝအမောပြေ

## အဖြေ

**နယူးယောက်မြို့သို့ ဦးတည်ခုတ်မောင်းနေသော ရထားတစ်စင်းပေါ်တွင် သိပ္ပံပညာရှင်တစ်ဦးနှင့် လယ်သမားတစ်ဦးတို့ မိတ်ဆွေဖြစ်ပြီး သိပ္ပံပညာရှင်က မေးလေသည်-**

**သိပ္ပံပညာရှင်** ။ ။ ကဲ…အပျင်းပြေ အမေးအဖြေလုပ်ကြရအောင်များ….

**လယ်သမား** ။ ။ လုပ်ပါ….

**သိပ္ပံပညာရှင်** ။ ။ ကျွန်တော့်မေးခွန်းကို ခင်ဗျားမဖြေနိုင်ရင် တစ်ဒေါ်လာပေးရမယ်….ခင်ဗျားမေးခွန်း ကျွန်တော်မဖြေနိုင်ရင် ၁၀ဒေါ်လာပေးမယ်….

**လယ်သမား** ။ ။ ကောင်းပြီလေ။

**သိပ္ပံပညာရှင်** ။ ။ ဟောဒီရေခွက်ထဲမှာ အောက်ဆီဂျင်ဘယ်လောက်ပါသလဲ

**လယ်သမား** ။ ။ မသိဘူး၊ ရော့….တစ်ဒေါ်လာ

**သိပ္ပံပညာရှင်** ။ ။ ခင်ဗျားမေးပါ။

**လယ်သမား** ။ ။ ခြေနှစ်ဖက်နဲ့ လက်တစ်ဖက်ပါပြီး လေထဲပျံသန်းနိုင်တဲ့ သတ္တဝါပြောပြပါ….

**သိပ္ပံပညာရှင်သည် အတန်ကြာစဉ်းစားသော်လည်း အဖြေမရချေ။ နယူးယောက်ဘူတာသို့လည်း ဆိုက်ရောက်လာသည်-**

**လယ်သမား** ။ ။ ခင်ဗျားမဖြေနိုင်ရင် ၁၀ ဒေါ်လာပေးပါ။

**သိပ္ပံပညာရှင်** ။ ။ ရော့….၁၀ဒေါ်လာ…. ဒါထက်…. အဲဒီသတ္တဝါ အမည်က ဘာလဲဗျ…. ကျွန်တော်စဉ်းစားလို့မရဘူး….

**လယ်သမား** ။ ။ ရထားပေါ်မှဆင်းပြီး ဖြေလိုက်သည်မှာ… "ကျွန်တော်လည်း မသိဘူးလေ"

**သိပ္ပံပညာရှင်** ။ ။ **"ဗျာ"**

# ဘဝဒဿန

***Self-praise usually is a definite indication of an inferiority complex.***

*မိမိကိုယ်ကို ချီးမွမ်းခြင်းသည် အများအားဖြင့် သိမ်ငယ်စိတ်ရှိကြောင်း ဖော်ပြနေခြင်းပင်ဖြစ်သည်။* (ဘားနတ်ရှော)

***A positive mind finds a way it can be done. A negative mind looks for all the ways it can't be done.***

*အပြုသဘောဆောင်သည့်စိတ်က နည်းလမ်းကောင်းများကို ရှာဖွေတွေ့ရှိနိုင်သည်။ အဖျက်သဘောဆောင်သည့်စိတ်က ဆောင်ရွက်၍မရနိုင်သည့် နည်းလမ်းအားလုံးကို လိုက်လံရှာဖွေလေ့ရှိသည်။* (ရှိတ်စပီးယား)

## ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာတစ်လွှားထူးထူးခြားခြား

စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

### မွေးဖွားစဉ် ကိုယ်အလေးချိန် အနည်းဆုံး ကလေးငယ်များ

*အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ် ဗာဂျီးနီးယားဆေးရုံ၌ ၁၉၉၈ခုနှစ် နိုဝင်ဘာ ၃၀ရက်က မွေးဖွားခဲ့ကြသော ပေတန်အမည်ရှိ သားငယ်၏ကိုယ်အလေးချိန်မှာ မွေးဖွားစဉ် တစ်ပေါင်ငါးအောင်စခန့်သာရှိသည်။ ထို့အတူ ဂျက်ဆန်အမည်ရှိ သားငယ်၏ ကိုယ်အလေးချိန်မှာ ၁၄ဒသမ၈အောင်စသာရှိပြီး ဘီလာကီအမည်ရှိ သမီးငယ်လေး၏ ကိုယ်အလေးချိန်မှာ ၁၃ဒသမ၄အောင်စ အသီးသီးရှိကြသည်။ ၎င်းတို့သည် တစ်ရက်တည်း၌ မွေးဖွားခန်းသီးခြားစီတွင် မွေးဖွားခဲ့ကြသည်။ ယခုအခါ သန်စွမ်းသော ကလေးငယ်များ ဖြစ်နေကြပြီဖြစ်သည်။ ယင်းတို့သုံးဦးသည် မွေးဖွားစဉ် ကိုယ်အလေးချိန် အနည်းဆုံး ကလေးငယ်များအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။* **(အောက်ပုံ) (အင်တာနက်)**





### ကမ္ဘာ့သက်တမ်းအရှည်ဆုံး ဇနီးမောင်နှံ

*နော်ဝေနိုင်ငံသားကာလ်ဒီဗင်သည် ၁၈၉၇ခုနှစ် ဩဂုတ် ၃၁ရက်၌ မွေးဖွားခဲ့သူဖြစ်သည်။ ကာလ်ဒီဗင်၏ဇနီးဖြစ်သူ ရူဒရင်ဟုဂ်သည် ၁၉၀၀ပြည့်နှစ် အောက်တိုဘာ ၁၄ရက်တွင် မွေးဖွားသူဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ၁၉၂၇ခုနှစ် ဇွန် ၄ရက်၌ လက်ထပ်ခဲ့ကြသည်။ ကာလ်ဒီဗင်နှင့် ဇနီးဖြစ်သူ ရူဒရင်ဟုဂ်တို့နှစ်ဦးတွင် ကာလ်ဒီဗင်က အသက် (၁၀၃)နှစ် ၁၉၃ရက်အထိ အသက်ရှင်နေထိုင်ခဲ့သည်။ ရူဒရင်ဟုဂ်က အသက် (၁၀၆)နှစ် ၂၃၇ရက် အသက်ရှင်နေထိုင်ခဲ့သည်။ ၎င်းတို့ဇနီးမောင်နှံသည် ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ဆုံး ဇနီးမောင်နှံအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။* (အပေါ်ပုံ) (အင်တာနက်)

### မျက်နှာတွင် ဇွန်းအများဆုံး ကပ်ထားနိုင်သည့် ကလေးငယ်

*ဗြိတိန်နိုင်ငံရှိ အသက် ၁၀နှစ်အရွယ် လူငယ်လေးဒီဗွန်သည် ဖေဖော်ဝါရီ ၂၈ရက်က လန်ဒန်မြို့၌ ၎င်း၏မျက်နှာပြင်တွင် ထမင်းစားဇွန်းပေါင်း ၁၆ချောင်းကို မျက်နှာပေါ်၌ ကပ်ထားပြီး ပြသခဲ့ရာ ကမ္ဘာပေါ်တွင် မျက်နှာပြင်ပေါ်၌ ဇွန်းအရေအတွက် အများဆုံး ကပ်ထားနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။* **(အောက်ပုံ) (အင်တာနက်)**



★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

# မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၏ မြန်မာစက်မှုပြပွဲ(၂၀၁၀)

## ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ ဖွင့်လှစ်ပေး

ရန်ကုန် မတ် ၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းက ကြီးမှူးကျင်းပသည့် မြန်မာစက်မှုပြပွဲ (၂၀၁၀) (Myanmar Industrial Exhibition 2010) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ *






**စက်ခလုတ်နှိပ် ဖွင့်လှစ်**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာစက်မှုပြပွဲ (၂၀၁၀) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

### ထူးခြားသည့် နေ့အပူချိန်

၅-၃-၂၀၁၀

ချောက်မြို့

၄၁ ဒီဂရီစင်တီဂရိတ်

မင်းဘူးမြို့

၄၀ ဒီဂရီစင်တီဂရိတ်

### ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရား မီး၊ အမွှေးတိုင်မီးများနှင့် မီးဖို မီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝ မပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။